
# အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံရေးထွက်ပေါက်မှန်သမျှ ဆန့်ကျင်တိုက်ဖျက်ကြ









အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

Women's League of Burma

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံ ကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ၊ (၉) ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘ၀အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်းပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျှက်ရှိသည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား/မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

# ဦးဆောင်စီစဉ်ကျင်းပသည့်အဖွဲ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# ဦးဆောင်ပံ့ပိုးသူ

**လွေးပိုးငယ်**

တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# ရက်စွဲ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့

# အချိန်

ညနေ ၇:၀၀ – ၈:၃၀ (မြန်မာစံတော်ချိန်)

# ကျင်းပသည့်နေရာ

Zoom

# ဦးဆောင်ဆွေးနွေးသည့်ခေါင်းဆောင်များ

**နော်မေဦး**

နည်းပညာအကြံပေး (အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ)

**ဆရာအောင်ဆန်းမြင့်**

အတွင်းရေးမှူး (၂) ပါတီဗဟိုဌာနချုပ်

(ကရင်အမျိုးသား တိုးတက်ရေးပါတီ)

**ဦးအောင်မိုးဇော်**

ဥက္ကဋ္ဌ (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ)

# လွေးပိုးငယ်

တွဲဖက် အထွေထွေအတွင်းရေးမှူး (၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)



အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

ဦးဆောင်ပံ့ပိုးသူ

**လွေးပိုးငယ်**

တွဲဖက်အတွင်းရေးမှူး (၂) – (အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ)

အားလုံးပဲမင်္ဂလာပါရှင့် ဒီနေ့ကျမတို့ဆွေးနွေးမယ့်ခေါင်းစဉ်ကတော့ အကြမ်းဖက်စစ်အုပ်စုရဲ့ နိုင်ငံရေးထွက်ပေါက်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်ကြဖို့အတွက် ဆွေးနွေးပွဲစတင်ကြတော့မှာဖြစ်ပါတယ်။ အခု အမျိုးသမီးများအဖွဲ့ချုပ်မြန်မာနိုင်ငံရဲ့ဆွေးနွေးပွဲတိုင်းမှာ ပါဝင်ပြီးကြည့်ရှုနေတဲ့ ပြည်သူလူထုတွေကို ပထမဦးဆုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ချင်ပါတယ်။ ဒီနေ့မှာဖိတ်ကြားထားတဲ့ ဆရာဆရာမတွေကတော့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)ရဲ့ နည်းပညာအကြံပေးတစ်ဦးဖြစ်တဲ့နော်မေဦးကိုလည်း ဖိတ်ကြားထားပါတယ်။ နောက်တစ်ယောက် ကတော့ ကရင်အမျိုးသားတိုးတတ်ရေးပါတီဗဟိုဌာနချုပ်က အတွင်းရေးမှူး (၂) ဆရာအောင်ဆန်းဦးကိုလည်း ဖိတ်ခေါ်ထားပါတယ်။ နောက်တစ်ယောက်ကတော့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီရဲ့ ဥက္ကဌ ဦးအောင်မိုးဇော်ကို ဖိတ်ခေါ်ထားပါတယ်။ ရွေးကောက်ပွဲပဲဖြစ်ဖြစ် စစ်အုပ်စုရဲ့ နိုင်ငံရေးထွက်ပေါက်အတွက် ကျမတို့ပြည်သူလူထုတွေက ဘယ်လိုမျိုးပါဝင်ဆန့်ကျင် တိုက်ဖျက်ကြမလဲ ဆိုတဲ့အခြေအနေကို ကျမတို့ဆွေးနွေးနိုင်ဖို့ အဓိကရည်ရွယ်ပြီးတော့ လုပ်ရတာဖြစ်ပါတယ်။ ဆွေးနွေးပွဲ မစခင်မှာ ထုံးစံအတိုင်း အဓိကအားဖြင့် အမျိုးသမီးများအဖွဲ့ချုပ်မြန်မာနိုင်ငံအနေနဲ့က ဒီလိုမျိုးစကားဝိုင်း ဆွေးနွေးပွဲကို (၁) လတစ်ကြိမ်လုပ်လေ့ရှိပါတယ်။ အဲ့စကားဝိုင်းတွေမှာဆိုရင် အထူးသဖြင့် ကျမတို့တော်လှန်ရေး မျှော်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ဖို့အတွက် အဖက်ဖက်ကနေ ပြည်သူလူထုကိုယ်တိုင်က တစ်ဦးတစ်ယောက်ဖြစ်ဖြစ်၊ တစ်စုတစ်ဖွဲ့ကဖြစ်ဖြစ် ကျမတို့အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုကို ကျမတို့ကိုယ်တိုင်က ပန်းပုထုဖိုလိုတယ်။ ကျမတို့ကိုယ်တိုင်က ဘယ်လိုပြည်ထောင်စုမျိုးကိုတည်ဆောက်ချင်လဲဆိုတဲ့ ပါဝင်ဆွေးနွေးနိုင်တဲ့ ပလက်ဖောင်းတစ်ခုလည်းဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ဒီနေ့မှာကျမတို့ဆွေးနွေးပွဲကို စတင်တော့မှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဆရာမနော်မေဦး ကနေ စတင်ချင်ပါတယ်။ ဆရာမနော်မေဦးကိုမေးချင်တဲ့မေးခွန်းလေးတွေလည်းရှိပါတယ်။ ခေါင်းဆောင် သုံးဦးကဆွေးနွေးပြီးသွားရင်တော့ မေးခွန်းမေးတဲ့ အခန်းကဏ္ဍလေးကို ဖွင့်ထားပေးမှာဖြစ်ပါတယ်။ ကြည့်ရှုနေတဲ့ပြည်သူလူထုတွေ မေးခွန်းမေးချင်ရင်လည်း ကျမတို့ဆီကို တိုက်ရိုက်ပို့ပေးလို့ ရသလို ကိုယ်တိုင်မေးလို့လဲရပါတယ်။

ပထမဦးဆုံးအနေနဲ့ ဆရာမနော်မေဦးကို မေးချင်တာက  အကြမ်းဖက်စစ်အုပ်စုက အမြဲတမ်း ပြည်သူ လူထုအပေါ် ဖိနှိပ်မှုတွေက နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့တယ်။ ၂၀၀၈ ကနေစပြီး နိုင်ငံရေးထဲမှာ တစ်စိုက်မတ်မတ်ပါဝင်နိုင်ဖို့အတွက် စဉ်းစားပြီးတော့မှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဌာန်းခဲ့ပြီး ၂၅ ရာခိုင်နှုန်းနဲ့ပက်သက်ပြီး တစ်လျှောက်လုံး ပါဝင်လာခဲ့ကြတယ်။ ကျမတို့လိုချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုမှတည်ဆောက်လို့မရတဲ့ အနေအထားကို အားလုံးသိပြီးဖြစ်ပါတယ်။

*အခုဆိုရင် အကြမ်းဖက် စစ်အုပ်စုက ဘာကြောင့်ရွေးကောက်ပွဲကိုလုပ်လိုပါသလဲ။ အဲ့ဒါကို သုံးသပ်ပေးပါ။ ရွေးကောက်ပွဲ လုပ်ဖြစ်သွား ရင် ကျမတို့မျှော်မှန်းထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုအတွက် ဘယ်လောက်အထိအဟန့်အတားဖြစ်စေသလဲ တော်လှန်ရေးအတွက်ဘယ်လောက်ထိထိခိုက်မှုတွေရှိနိုင်လဲဆိုတာ ဆရာမအနေနဲ့ ဘယ်လိုသုံးသပ်မိလဲ ဆိုတာ ကျမတို့ကို ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်။*



# နော်မေဦး

နည်းပညာအကြံပေး

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

**ဆရာမနော်မေဦး**

နည်းပညာအကြံပေး – (အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ)

ကျမတို့အခုလက်ရှိအခြေအနေ ရွေးကောက်ပွဲဖြစ်အောင် လုပ်နေတဲ့စစ်ကောင်စီရဲ့လုပ်ရပ်တွေရယ် ရွေးကောက်ပွဲ မလုပ်နိုင်ခင်မှာ လောလောဆယ်လေယာဉ်တွေနဲ့ အပြစ်မဲ့ပြည်သူတွေကို ဗုံးကြဲတိုက်ခိုက်နေတာ တွေကိုကြည့်လိုက်ရင် သူတို့ကြိုးစားနေတဲ့ရွေးကောက်ပွဲကဆိုရင် ကျမတို့တိုင်းပြည်အတွက် အဆုံးအဖြတ် အများကြီးဖြစ်နိုင်တယ်။ အဆုံးအဖြတ်အများကြီးဖြစ်နိုင်တယ်လို့ ပြောတဲ့အခါမှာ ရွေးကောက်ပွဲရဲ့အနေအထားက ဘယ်လိုရှိလဲ။ စစ်ကောင်စီက ရွေးကောက်ပွဲကို မဖြစ်မနေလုပ်ချင်နေတာလဲ ဆိုရင်

**ပထမတစ်ချက်** အနေနဲ့သုံးသပ်တာက အခြေအနေအရပ်ရပ်ကိုကြည့်လိုက်ရင် ၂၀၂၁ ဖေဖော်ဝါရီလ အာဏာ သိမ်းလိုက်တည်းက ဒီနေ့အထိသူတို့ရဲ့လုပ်ရပ်တွေက စစ်တပ်ရဲ့အနေအထားကို ကြည့်လိုက်ရင် ကျမတို့ နားလည် နိုင်တာထက်ကို အများကြီးကျုံ့နေပြီ ဒီလိုခြေကျုံ့လက်ကျုံ့ဖြစ်နေတဲ့ အနေအထားကနေပြီးတော့ ထွက်ပေါက်တစ်ခု အနေနဲ့ သူတို့ရွေးကောက်ပွဲလုပ်ချင်တာလဲဖြစ်နိုင်တယ်လို့ ယူဆတယ်။ နောက်တစ်ခုကကျတော့ အငြင်းပွားနေ ကြတဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ အနိုင်ရပါတီရှိခဲ့တယ်။ ဒါကိုစစ်ကောင်စီက အသိအမှတ်မပြုချင်ဘူး။ ဒီအငြင်းပွားနေ တဲ့ အခြေအနေကနေပြီးတော့ အာဏာသိမ်းလိုက်ပြီးနောက်ပိုင်းမှာ ရွေးကောက်ပွဲကို အနိုင်ရတဲ့ပါတီက တရားဝင် မှုရှိတယ်ဆိုပြီးတော့ ပြည်သူက အသိအမှတ်ပြုတဲ့အချိန်မှာ သူတို့ကဒီတရားဝင်မှုကို ပြန်ပြီးလိုချင်တဲ့အတွက် ကြောင့် ရွေးကောက်ပွဲကို ကျင်းပချင်တာလို့ ကျမကသုံးသပ်တယ်။ ရွေးကောက်ပွဲကို လုပ်လိုက်တယ်ဆိုရင် ကျမတို့ တိုင်းပြည်အတွက်ဘာဖြစ်သွားမလဲ ဘယ်လိုအဓိပ္ပါယ်ရှိသွားမလဲလို့ စဉ်းစားကြည့်လိုက်တော့ ပထမတစ်ခုက တောက်လျှောက် သတိပေးဖို့လိုတာက ဒီလိုအခြေအနေမှာ (၁၀) နှစ်တစ်ခါ အနှစ် (၂၀) တစ်ခါ ကျမတို့ကဒီလိုမျိုး အခြေအနေတွေ စစ်တပ်လက်ထဲကို အာဏာပြန်ရောက်သွားတဲ့ အခင်းအကျင်း၊ အာဏာရှင်လက်အောက်ကို တိုင်းပြည်ကပြန်ရောက်သွားတဲ့ အခင်းအကျင်းဟာ ကျမတို့တိုင်းပြည်မှာဖြစ်နေတယ်။ အဲ့တော့ဒီကနေကျမတို့ ရုန်းထွက်ဖို့လိုတယ်။ ရုန်းထွက်ဖို့လိုတယ်ဆိုရင် ဒီရွေးကောက်ပွဲ ဖြစ်သွားရင် ကျမတို့ရုန်းထွက်နိုင်ပါအုံးမလား။ ကျမတို့က ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စစ်အာဏာရှင်ကိုဆန့်ကျင်တယ်။ လူအများစုက လူမျိုးကြီးဝါဒနဲ့ နိုင်ငံရေးအာဏာတည်ဆောက်ပြီးတော့ အာဏာကိုအလွဲသုံးစားလုပ်တဲ့ကိစ္စကို လက်မခံဘူး ဆိုပြီးတော့ ဆန့်ကျင်လာကြတယ်။ ဒီကနေဆက်ပြီးတော်လှန်သွားပြီးတော့ အနာဂါတ်သစ်ကို တည်ဆောက်ဖို့ပဲရှိတယ်။ ဒီရွေးကောက်ပွဲကဖြစ်သွားလို့မဖြစ်ဘူး။ တရားဝင်မှုလိုချင်တဲ့ စစ်ကောင်စီဟာ မတရားမှု မှန်သမျှကို ကျူးလွန်ခဲ့တဲ့ အစုအဖွဲ့ဖြစ်တယ်။

**ဒုတိယတစ်ခု**က သူတို့ကျူးလွန်ခဲ့ပြီးတော့ အတော်မသတ်နိုင်တဲ့ ကျူးလွန်မှုတွေက ရုန်းထွက်နိုင်အောင် အပေါ်ယံ ကြောဒီမိုကရေစီရဲ့ သဘောကိုဆောင်တဲ့ ရွေးကောက်ပွဲ ကျင်းပမယ်ဆိုပြီးတော့ ဒါမျိုးလုပ်တာဖြစ်တယ်။ ဒီထောင် ချောက်ထဲကို ကျမတို့ တိုင်းသူပြည်သားတွေက ပြန်မဝင်သွားဖို့လိုတယ်။ ပြန်မဝင်သွားဘဲနဲ့ အံတုပြီးတော့မှ ဒါကို ကျော်လွှားနိုင်မှ ကျမတို့တိုင်းပြည်အတွက် အရေးကြီးတဲ့ တည်ဆောက်နိုင်ဖို့လိုအပ်နေတဲ့ ပြည်ထောင်စုသစ်ကို တည်ဆောက်နိုင်ဖို့အလားလားရှိတယ်။ ကျမမြင်တာက စစ်ကောင်စီကတော့ သူတရားဝင်မှုရဖို့ရယ် လက်ရှိ အကျဉ်းအကျပ်ထဲက ရုန်းထွက်နိုင်ဖို့ အတွက် ထွက်ပေါက်တစ်ခုအနေနဲ့ ဒီမိုကရေစီရဲ့အပေါ်ယံကြော ရွေးကောက် ပွဲဆိုတာကို သူလုပ်ဖို့ကြိုးစားမှာ ဖြစ်တယ်။ သို့သော်ကျမတို့က ဒါကို ကျော်လွှန်ကြည့်ပြီးတော့

> တိုင်းပြည်မှာအနာဂါတ်သစ်မှာ တည်ဆောက်ဖို့ ဆိုရင် ရွေးကောက်ပွဲ ထောင်ချောက် ထဲကိုကျမတို့ မဝင်မိဖို့ လိုတယ်။ ဒါကိုကျော်လွှန်ပြီးတော့ တော်လှန်ရေးရဲ့ အဆုံးထိ ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မယ်လို့မျှော်လင့်ပါတယ်။

ဦးဆောင်ပံ့ပိုးသူ

**လွေးပိုးငယ်**

ကျမတို့ရဲ့ဆွေးနွေးပွဲကတော့ မေးခွန်းမေးမယ့်အချိန်ရောက်ပါပြီ။ ဆိုတော့ ကြည့်ရှုနေတဲ့ ပြည်သူလူထုတွေထဲကပဲဖြစ်ဖြစ်၊ Zoom ထဲမှာရှိနေတဲ့ တက်ရောက်ပေးတဲ့သူတွေကပဲဖြစ်ဖြစ် မေးခွန်းရှိတယ်ဆိုရင် မေးမြန်းဖို့အတွက် အချိန်ပေးပါ့မယ်။ မေးခွန်းမေးမြန်းမယ်ဆိုရင် လက်ထောင်ပြီးတော့မှ မေးမြန်းလို့ရပါတယ်။ ဒါမှမဟုတ်ရင် live မှာကြည့်ရှုနေတဲ့ ပြည်သူလူထုတွေဆီကနေ မေးခွန်းရှိတယ်ဆိုရင် ကျမတို့လက်ခံပေးပါ့မယ်။ မေးခွန်း မေးတဲ့အခါမှာ မေးချင်တဲ့ခေါင်းဆောင်ကိုတစ်ခါတည်းဦးတည်ပြီးတော့ မေးလို့ရပါတယ်ရှင့်။ မေးခွန်းမရှိတော့ဘူးဆိုရင် ကျမတို့ရဲ့ဆွေးနွေးပွဲကိုမေးခွန်းတစ်ခုနဲ့အဆုံးသတ်ချင်ပါတယ်။ ဒီမှာရှိနေတဲ့ခေါင်းဆောင်တွေအနေနဲ့ ကျမတို့အခုဆွေးနွေးသွားတဲ့ခေါင်းစဉ်လိုပေါ့နော်။ ဆရာဦးအောင်မိုးဇော် ပြောသလိုပေါ့နော် ရွေးကောက်ပွဲဆိုတာသူတို့ရဲ့ နိုင်ငံရေးထွက်ပေါက်တစ်ခုအဖြစ် စဉ်းစားထားတာဖြစ်တဲ့ အတွက်ကြောင့် အခုလောလောဆယ်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေကမ်းလှမ်းပြီးတော့ အတုအယောင်တွေ လုပ်နေတဲ့ကိစ္စဖြစ်တယ်။ ရွေးကောက်ပွဲကတော့ ထင်ထင်ရှားရှားသူတို့ရဲ့နိုင်ငံရေးထွက်ပေါက်တစ်ခုအဖြစ် လုပ်ဆောင်ဖို့အတွက် ဆိုင်းပြင်နေတဲ့အနေအထားမှာတွေ့ရတယ်။ ပြည်သူလူထုတွေကို စည်းရုံးနေတဲ့အနေအထားမှာလည်းရှိသလို UEC လို့ခေါ်တဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွေကိုလည်း စည်းရုံးနေတဲ့အနေအထားမှာရှိတယ်။ တစ်ဖက်မှာကျတော့လည်း တိုင်းရင်းသားလက်နက်ကိုင်တွေကို ငြိမ်းချမ်းရေး အတုအယောင်ဆိုပြီးတော့မှ မက်လုံးတွေပေးပြီး စွမ်းဆောင်နေတဲ့အနေအထားမှာရှိတယ်ပေါ့လေ။ ကျမတို့ပြည်သူလူထုတွေကတော့ အကြမ်းဖက်စစ်ကောင်စီကို ယနေ့အထိတော်လှန်တိုက်ခိုက်နေတဲ့ ပြည်သူလူထု တွေချည်းပဲဖြစ်ပါတယ်။ ကျမတို့ပြည်သူလူထုက ဒီနွေဦးတော်လှန်ရေးမှာကြည့်ရင်လည်း လူထုအလွှာအသီးသီးက တာဝန်ကျေခဲ့ကြတဲ့ပြည်သူလူထုတွေပဲဖြစ်ပါတယ်။ ဆိုတော့ဒီအကြမ်းဖက် စစ်ကောင်စီရဲ့နိုင်ငံရေးထွက်ပေါက်မှန်သမျှကို ပိတ်ပင်ဖို့လိုသလို၊ ဟန့်တားဖို့လဲလိုတယ်၊ ဆန့်ကျင်တိုက်ဖျက်ဖို့လည်းလိုတာကို ကျမတို့ခုနကလည်းဆွေးနွေးခဲ့ကြပြီးဖြစ်တယ်။

*ဆရာမနော်မေဦးကိုပြန်မေးချင်တာကပြည်သူလူထုတွေကိုရော၊နိုင်ငံတကာအသိုင်းအဝိုင်းတွေကိုရော ဒီအကြမ်းဖက်အုပ်စုကနေ နိုင်ငံရေးထွက်ပေါက်မှန်သမျှ ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် ဘာတွေများပြောကြားလိုသလဲ၊ ဘာတွေသတင်းစကားပါးချင်သလဲဆိုတာ ကျမမေးချင်ပါတယ်။*

**ဆရာမနော်မေဦး**

ကျေးဇူးတင်ပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုရင် ပြည်သူလူထုရဲ့အနေအထားကတော့တအားကို ကျဉ်းထဲကြပ်ထဲဖြစ်နေတာပေါ့နော်။ နည်းမျိုးစုံနဲ့ အစွမ်းကုန်ဖိနှိပ်ထားတာ၊ ရက်စက်ယုတ်မာမှုအမျိုးမျိုးနဲ့ ဖိနှိပ်ထား တဲ့အခါမှာ ဒီရွေးကောက်ပွဲမှာလည်းမဲမပေးမနေရ၊ ရွေးကောက်ပွဲမှာမပါမနေရဆိုပြီးတော့ ပုံစံအမျိုးမျိုးနဲ့ဘယ်လိုလုပ်မလဲဆိုတာ ကျမတို့အတိအကျမသိတာပဲရှိတယ်။ သူတို့ပုံစံအမျိုးမျိုးနဲ့၊ ညှင်းပန်း နှိပ်စက်မှု အမျိုးမျိုးနဲ့လုပ်ပြီးတော့ ရွေးကောက်ပွဲကိုလုပ်မယ်ဆိုရင်လည်း စစ်ကောင်စီက လုပ်သွားမှာပဲ။ ဒါပေမယ့်လည်း ဘယ်လိုအခြေအနေတွေမှာပဲဖြစ်ဖြစ် ကျမတို့ပြည်သူတွေဟာဆိုရင်  ခုနက ဆရာမ လွေးပိုးငယ် ပြောလိုက်သလိုပဲ ဆန္ဒကထုတ်ဖော်ခဲ့ပြီးသားဖြစ်တယ်။ ကျမတို့ရဲ့ ပြည်သူလူထုဟာ သူတို့လိုချင် တာက စစ်မှန်တဲ့ပြည်ထောင်စု၊ ဒီတိုင်းပြည်မှာ မှီတည်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစုံရဲ့တန်းတူမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအခြေခံပြီးတော့ တည်ဆောက်ရမယ့်ပြည်ထောင်စုသစ်မှာ ဒါကိုလိုချင်တာဖြစ်တယ်။ ဒါသူတို့ ပြောခဲ့ပြီးသား။ ဒ့ါအပြင်ကို အာဏာရှင်စနစ်ကိုကျမတို့လက်မခံနိုင်ဘူး၊ စစ်အုပ်ချုပ်ရေးကို ကျမတို့လက်မခံနိုင်ဘူးဆိုတာကလည်း ပြည်သူလူထုကသဘောထားကိုပုံစံအမျိုးမျိုးနဲ့ ဖော်ပြခဲ့ပြီးသားဖြစ်တယ်။ ဆိုတော့ အခုရောက်ရှိနေတဲ့အခြေအနေကနေပြီးတော့ နောက်အခင်းအကျင်းအသစ်တစ်ခုအသွားမှာ စစ်ကောင်စီကသူတရားဝင်မှုဖို့အတွက်၊ နိုင်ငံရေးထွက်ပေါက်ရဖို့အတွက် ရွေးကောက်ပွဲလုပ်ဖို့ ကြိုးစားနေတယ်။

ဒါပေမယ့်ကျမတို့က အဲ့ဒီရွေးကောက်ပွဲအလွန်ကို ကြည့်ရမှာဖြစ်တယ်။ ရွေးကောက်ပွဲကို ကျော်ပြီးတော့ ကျမတို့က ကြည့်နိုင်ဖို့လိုတယ်လို့ကျမမြင်တယ်။ အဲ့ဒီလိုပဲ နိုင်ငံတကာကလည်း ရွေးကောက်ပွဲ ကို ကျော်ပြီးကြည့်ရမှာက ဒီတိုင်းပြည်က ရွေးကောက်ပွဲလုပ်လိုက်တာနဲ့ ပြဿနာကပြေလည်သွားမှာလားပေ့ါ။ အမှန်ဆိုရင်ကျမတို့အားလုံး က ပြဿနာကိုပြေလည်စေချင်တယ်။ ဒီတိုင်းပြည်ကိုဒီအခြေအနေ ကနေရပ် ပြီးတော့ ကောင်းမွန်တဲ့အခြေအနေ တစ်ခုကိုအရွေ့ကိုကျမတို့မြင်ချင်တယ်။ဒါပေမယ့်ရွေးကောက်ပွဲလုပ်လိုက်လို့အရွေ့ကဖြစ်လာမှာလား။ဖြစ်လာမယ့် အရွေ့ဟာ ကောင်းတဲ့အရွေ့လား။ ဒါမှမဟုတ်ရင် ကျမတို့က ဒီထက်ပိုပြီးနက်တဲ့ချောက်ထဲကိုကျဖို့ အရွေ့လား ဆိုတာ ကျမတို့ကဒီလိုမျိုးအခြေအနေမှာရှိနေတာဖြစ်တယ်။ နိုင်ငံတကာကရော၊ ပြည်သူလူထုတွေကရော ကျမတို့ကို ဖိနှိပ်နေတဲ့အခြေအနေကိုအံတု ကျော်လွှားနိုင်ဖို့လိုတယ်လို့ ကျမမြင်တယ်။

**ဒီမိုကရေစီကို ရွေးကောက်ပွဲလေး တစ်ပွဲနဲ့တန်ဖိုးမဖြတ်ဖို့ လိုတယ်လို့ ကျမကမြင်တယ်။ ဒါကအရေးကြီးတယ်။ ကျမတို့ဟာ ဒီမိုကရေစီရဲ့ အနှစ်သာရ၊ Democratic Society ဒီမိုကရေစီနဲ့အခြေခံတဲ့လူ့ဘောင်ကိုတည်ဆောက်မယ်၊ လူ့အဖွဲ့အစည်းကို တည်ဆောက်မယ်ဆိုရင် ရွေးကောက်ပွဲလေးတစ်ပွဲနဲ့တန်ဖိုးမဖြတ်ဖို့လိုတယ်လို့ကျမမြင်**

အဲ့တော့ ပြည်သူကိုတော့ ကျမတို့ ထွေထွေထူးထူးပြောစရာမလိုဘူး။ ပြည်သူကခါးစည်းခံပြီးတော့ကို အံတုနေပြီး သား ဖြစ်တယ်လို့ကျမကတော့ ယုံကြည်တယ်။ ဒီထက်ပိုပြီး၊ ဒီကာလကိုကျော်လွှန်သွားဖို့ပဲပေ့ါနော်။ စစ်ကောင်စီ ကတော့ နည်းမျိုးစုံသုံးတဲ့ အခါမှာတစ်ခါတစ်လေကျရင် ဒီပွဲမစခင်မှာပေ့ါလေ ကိုအောင်မိုးဇော်တို့၊ ဆရာအောင် ဆန်းမြင့်တို့နဲ့ စကား ပြောတော့ ကျမတို့ပြောတာက တကယ်တမ်းကျတော့ စစ်ကောင်စီက သူလုပ်ချင်တယ် ဆိုရင် ဒီအာဏာရှင်က အာဏာတည်မြဲဖို့အတွက် ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့လုပ်နေတဲ့ အာဏာရှင်က တကယ်တမ်းကျတော့ သူအာဏာရဖို့လောက်ကတော့ ရွေးကောက်ပွဲလုပ်စရာမလိုဘူး။ ဒါပေမယ့်သူ အခမ့်ယူ ထားတဲ့ အာဏာ တည်မြဲဖို့အတွက်ရယ်၊ တရားဝင်မှုရှိဖို့အတွက်ရယ် ဒီအာဏာကိုလုထားတာ ဖြစ်တယ်။ ဆိုတော့ ပြည်သူလူထု ကလည်း ဒီအခြေအနေကို သတိထားပြီးတော့ ဒီကာလလေးကို ကျမတို့ ကျော်လွှားဖို့ပဲဖြစ်တယ်။ အဲ့ ဒါအပြင် ကို ဒီရွေးကောက်ပွဲအခမ့်ကျင်းပဖို့ ကြိုးစားနေတဲ့ကာလ အလွန်မှာတောင် ဘာပဲဖြစ်သွား၊ ဖြစ်သွားပေ့ါ နော်။ ဒီရွေးကောက်ပွဲ ကျင်းပတဲ့ ကာလအလွန်မှာတောင်မှ နိုင်ငံတကာကဆက်ပြီး သတိထားဖို့လိုတာက ဒီမိုကရေစီရဲ့ စံတန်ဖိုးကို ရွေးကောက်ပွဲတစ်ခုတည်းနဲ့ တန်ဖိုးမဖြတ်လိုက်ဖို့ လိုတယ်လို့ကျမကမြင်တယ်။ ဒီရွေးကောက်ပွဲ မဖြစ်မနေလုပ်သွားရင်တောင်မှ ဖြစ်သွားတဲ့ ရွေးကောက်ပွဲဟာ ဒီမိုကရေစီနည်းလမ်းမကျသလို ကျမတို့လိုချင်နေတဲ့၊ ကျမတို့ပြည်သူတွေ အသက်ရင်းပြီးတော့ တောင်းဆို တိုက်ပွဲဝင်နေတဲ့ဒီမိုကရေစီဟာ ဒါပဲ မဟုတ်ဘူးပေ့ါနော်။ ကျမတို့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့လွတ်လပ်မှု၊ လွတ်လပ်တဲ့ လူ့အဖွဲ့အစည်း တစ်ခုလုံးမှာ တန်းတူညီမျှမှု၊ အေးချမ်းသာယာဝပြောမှုတို့ဟာ ရွေးကောက်ပွဲ လေးတစ်ပွဲနဲ့ကျမတို့ တန်ဖိုးမဖြတ်သင့်ဘူး။ နိုင်ငံတကာက ဒါကိုသတိထားဖို့လိုတယ်လို့ ကျမတော့မြင်တယ်။ အဲ့တော့ ဒီကာလကို ကျမတို့အံတုကျော်လွှား ပြီးတော့ တကယ်စစ် မှန်တဲ့ဒီမိုကရေစီနဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ဖို့ပဲ အာရုံစိုက်ဖို့လိုပါတယ်ပေ့ါ။ ကျေးဇူးတင်ပါတယ်။

ဦးဆောင်ပုံပိုးသူ

**လွေးပိုးငယ်**

ကျေးဇူးပါ။ အထူးသဖြင့်စစ်တပ်က နိုင်ငံတော်အာဏာကို ပြန်လည်ထိန်းချုပ်နိုင်ဖို့အတွက် သူ့ရဲ့ထွက်ပေါက် ကိုရှာတာဖြစ်တယ်။ ဒါကိုနိုင်ငံတကာအဖွဲ့အစည်းတွေကလည်း သတိပြုဖို့လိုသလို၊ တစ်ဖက်မှာကျတော့ ရွေးကောက်ပွဲတစ်ပွဲတည်းနဲ့ ဒီမိုကရေစီစံတန်ဖိုးတွေကို အဖိုးဖြတ်လို့မရဘူးဆိုတာ ပြောကြားသွားပေးတဲ့ နော်မေဦးကို ကျေးဇူးတင်ပါတယ်။

# ဆရာအောင်ဆန်းမြင့်

အတွင်းရေးမှူး (၂) ပါတီဗဟိုဌာနချုပ်

(ကရင်နီအမျိုးသား တိုးတက်ရေးပါတီ)



အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## လွေးပိုးငယ်

ဒုတိယမေးခွန်းကိုတော့ ဆရာဦးအောင်ဆန်းမြင့်ကိုမေးချင်ပါတယ်။ ဆိုတော့ ခုနကဆရာမ နော်မေဦး ပြောသလို စစ်တပ်ကတော့ သူဖြစ်ချင်တာသူ့အလုပ်ကို သူ့လုပ်ပြသွားတယ် ပြတ်ပြတ်သားသားနဲ့ကို လုပ်ပြတယ်ဆိုတာ ကျမတို့ မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ရက်နှစ်ရက်မှာပဲ ကချင်ပြည်နယ် မှာ KIA ရဲ့ (၆၂)နှစ်မြောက် Anniversary ကိုကျင်းပတဲ့အချိန်မှာ လက်နက်ကြီးနဲ့ အပြစ်မဲ့ပြည်သူတွေကို လာပြီးတော့ ပစ်ခတ်သွားတယ် (၈၀) ကျော်ကျဆုံးသွားတယ်ဆိုတာက ကျမတို့မျက်မြင်သက်သေပဲဖြစ်တယ်။ ပြည်သူလူထုကို ရန်သူလိုသဘောထားပြီး ပြတ်ပြတ်သားသားနဲ့ လုပ်တယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေ အနေနဲ့ ကျမမေးချင်တာက တော်လှန်ရေးလုပ်လာခဲ့တာ နှစ်ပေါင်း (၇၀) ကျော်ကြာခဲ့ပြီဖြစ်တယ်။ အဓိက ကျမတို့လိုချင်တဲ့ ပန်းတိုင်က ဖက်ဒရယ်ပြည်ထောင်စုကို လိုချင်တာဖြစ်တယ်။ အခုအကြမ်းဖက် စစ်ကောင်စီ က အာဏာသိမ်းပြီးတော့မှ သူ့မှာ political roadmap ဆိုပြီး သူ့ကိုယ်သူဆွဲထားပါတယ်။ အဓိက နံပါတ် (၂) အချက်တစ်ချက်ဖြစ်တဲ့ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရဖို့အတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ရှိနေတဲ့အတိုင်း သဘောတူညီချက်အတိုင်း ဖြစ်နိုင်သမျှအလေးထားပြီးတော့မှ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ငြိမ်းချမ်းရေး ရအောင်လုပ်မယ်ဆိုပြီးတော့ ဟစ်ကြွေးထားတဲ့ဟာတွေရှိတယ်၊ ကြွေးကြော် ထားတာတွေရှိတယ် ဆိုတော့ခုနက နော်မေဦး သုံးသပ်ထားသလိုပဲ ဒီရွေးကောက်ပွဲကို နိုင်ငံရေးအထောက်အပံ့ တစ်ခုအဖြစ်သူက လုပ်ဖို့စဉ်းစားတဲ့အခါမှာ တစ်ဖက်မှာကလည်း ငြိမ်းချမ်းရေးကိုအကြောင်းပြုပြီးတော့မှ တိုင်းရင်းသား လက်နက်ကိုင်တွေကို ဖိတ်ခေါ်နေတဲ့ အနေအထားမှာရှိတယ်ဆိုတော့ ကျမတို့တိုင်းရင်းသား လက်နက်ကိုင်တွေအနေနဲ့ လိုချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အကြမ်းဖက် စစ်အုပ်စုက ရေးကောက်ပွဲ လုပ်လိုက်ခြင်းအားဖြင့် တကယ်ပဲဒီနိုင်ငံရေးပြဿနာကို ဖြေရှင်းပေးနိုင်မယ်ထင်လား။ ဘာကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေကိုယ်တိုင်က အံတုဖို့လိုသလဲ၊ ပါဝင်တိုက်ဖျက်ဖို့လိုသလဲ ဆိုတာကို သုံးသပ်ပေးဖို့ မေးခွန်းမေးချင်ပါတယ်။ နောက်တစ်ချက်ကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ တကယ်လို့သာ စစ်ကောင်စီဖိတ်ခေါ်တဲ့ ရွေးကောက်ပွဲထဲမှာ ပါဝင်ခဲ့မယ် အရင်တုန်းက အမြဲတမ်းပြောတဲ့ ခင်များတို့ နိုင်ငံရေးထဲမှာ ပါချင်တယ်ဆိုရင် "ခင်များတို့ တိုင်းရင်းသားလက်နက်ကိုင်တွေ လက်နက်ချလိုက်၊ ပြီးရင်နိုင်ငံရေးပါတီထောင်လိုက် ပြီးရင် နိုင်ငံရေးထဲဝင်ခဲ့" ဆိုတဲ့ အမြဲတမ်းပြောနေတဲ့ ပြောဆိုချက်တွေက လက်တွေအကောင်အထည်ဖော်နိုင်မယ်လို့ထင်သလား။ ***တကယ်ပဲ ကျမတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီကို ရောက်ရှိ နိုင်မယ်လို့ထင်လား။ နိုင်ငံရေးအဖြေဟုတ်သလားဆိုတာ ဆရာအနေနဲ့ သုံးသပ်ပေးဖို့ ဖိတ်ခေါ်ချင် ပါတယ်။***

## ဆရာအောင်ဆန်းမြင့်

အတွင်းရေးမှူး (၂) ပါတီဗဟိုဌာနချုပ် (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)

အခုလိုမျိုးဆွေးနွေးခွင့်ရတဲ့အတွက် WLB ကစီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောချင် ပါတယ်။ ပထမဦးဆုံးအနေနဲ့ဆွေးနွေးချင်တာကတော့အကြမ်းဖက်စစ်ကောင်စီကနေပြီးတော့မှသူတို့တိုင်းပြည်ရဲ့အာဏာကိုပြန်လည်ထိန်းချုပ်နိုင်ရေး၊ နိုင်ငံရေးမှာ တပ်မတော်က ဦးဆောင်မှုအခန်းကဏ္ဍ ပါဝင်နိုင်ရေး၊ ပြည်သူလူထုနဲ့ နိုင်ငံတတကာက တရားဝင်အသိအမှတ်ပြုနိုင်ရေးကို မဟာဗျူဟာအရ သူတို့လုပ်စရာရှိတာတွေကို တစ်ခုပြီးတစ်ခု လုပ်ဆောင်သွားနေတာကိုတွေ့ရတယ်။ အဲ့လို အာဏာ ပြန်ပြီးမှ ထိန်းချုပ်နိုင်ဖို့ နိုင်ငံရေးမှာဆက်လက်ပါဝင်နိုင်ဖို့ တရားဝင်မှုအတွက် လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့ အခါမှာ သူတို့အတွက်အရေးကြီးဆုံး မရှိမဖြစ် အခြေခံ ရမယ့်အချက်ကတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကတော့မပျက်ပြယ်ဘဲနဲ့ တည်ရှိနေရေးကိစ္စဖြစ်တယ်။ ဒါကတော့ သူတို့ရဲ့ Hidden agenda တစ်ခုဖြစ်တယ်။ အခုကလည်း ၂၀၀၈ ကိုအခြေခံပြီးတော့မှ ရွေးကောက်ပွဲ လုပ်မယ် PR စနစ်နဲ့သွားမယ်။ တိုင်းရင်းသား တွေလိုချင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်တွေကို ပေးမယ် ၂၀၀၈ ကို ပြင်နိုင်တာပြင်ပြီးဆိုတဲ့ စနစ်ကိုသွားမယ် ဘာညာဆိုပြီးတော့ လူထုတွေနိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း တွေကို စည်းရုံးမယ်။ ဒါကလည်း စစ်တပ်ကလုပ်နေတဲ့ လမ်ဟောင်းကြီး ပဲဖြစ်တယ်၊ လမ်းအသစ်တော့ မဟုတ်ဘူး။

> **ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တွေကြားမှာ သွေးကွဲအောင် စုစည်းမရအောင်လုပ်နေကြလမ်းဟောင်းကြီးဖြစ်တယ်။ ကျတော်ဆွေးနွေး ချင်တာကတော့ ကျွန်တော် တော်လှန်ရေးမှာ မီသလောက်ပါလာခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ကြည့်ရင်စစ်တပ်ကတိုင်းရင်းသားတွေကို မက်လုံးအမျိုးမျိုးပေးပြီးတော့မှသွေးခွဲလာတာ ဖြစ်တယ်။**

၁၉၉၄ - ၉၅ နဝတ ဦးခင်ညွန့် ခေတ်ကလည်း ကျတော်တို့ကို ဘာပြောလဲဆိုတော့ ခင်ဗျားတို့ ဥပဒေဘောင် အတွင်းဝင်ကြ၊ နိုင်ငံရေးကတော့ နောင်တတ်လာမယ့်အစိုးရနဲ့ နိုင်ငံရေးဆွေးနွေးဆိုပြီးတော့မှ တစ်ဖွဲ့ကို တစ်မျိုးစီ မက်လုံးတွေပေးပြီးတော့မှ ဥပဒေဘောင် အတွင်းဝင်ရောက်ရေးဆိုပြီးတော့မှ လုပ်ခဲ့ကြတယ်။ အဲ့ဒီမှာ လည်း မအောင်မြင်ခဲ့ဘူး။ ဘာကြောင့်လဲဆို တိုင်းရင်းသားတွေလိုချင်တဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ သူတို့သွားတဲ့ သူတို့ကတော့ တကယ့်တကယ်ကတော့ အလုံးစုံ လက်နက်ချရေးကို ဦးတည်တာ။ ဒါကတော့ သူတို့ရဲ့ ဦးတည် ချက်ဖြစ်တယ်။ နောက် ၂၀၁၂ ခုနှစ် ဦးသိန်းစိန် ခေတ်ရောက်တဲ့အချိန်မှာ ဦးအောင်မင်းက ဘာတွေပြောလဲဆိုတော့ ခင်များတို့လူငယ်တွေကတော့ လက်နက်ကိုင်မယ့်လက်တွေအစား ကွန်ပြူတာတွေကိုင်ဖို့လိုတယ် ဒေသဖွံ့ဖြိုးရေး တွေကနေ ငြိမ်းချမ်းရေး တွေ တည်ဆောက်ဖို့လိုအပ်တယ်။ နိုင်ငံရေးကို နိုင်ငံရေးအရဆွေးနွေးဆိုပြီး ကျတော်တို့ ကို ၂၀၀၈ လမ်းကြောင်းပေါ်က NCA လမ်းကြောင်း creating လုပ်လာတယ်။ ဖွံ့ဖြိုးရေးမှ ငြိမ်းချမ်းရေးခေါင်းစဉ်နဲ့ အဖွဲ့အစည်းတွေကို မက်လုံးပေးတယ် တော်လှန်ရေးအဖွဲ့အစည်းတွေကြားထဲမှာ အချင်းချင်း မညီမညွတ် တွေဖြစ် လာကြတယ်။ ဒါကြောင့် ကျတော်တို့ ၂၀၁၅ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ညီလာခံမှာ NCA လက်မှတ်ထိုးမယ့်အဖွဲ့နဲ့ မထိုးမယ့်အဖွဲ့ဆိုပြီး အချင်းချင်း သဘောထားတွေကွဲ လွဲခဲ့ကြတယ်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေကလည်း နိုင်ငံရေးရပ်တည်ချက်က မတူကြဘူး။

> **ကျွန်တော်တို့ကြားထဲမှာ အမြဲတမ်းပြောနေကြတာတော့ Unity ကတော့အရေးကြီး တယ်။ Unity ဆိုတာကို ပါးစပ်ကပြောနေကြတာ ဒါပေမယ့် တစ်ခါမှအောင်မြင်အောင် ကျတော်တို့အချင်းချင်းကြားထဲမှာ မစုစည်းနိုင်တာက ကျတော်တို့ရဲ့ အားနည်းချက်ဖြစ် သလို စစ်ကောင်စီ ကနေပြီးမှ Divide and rule ကကျင့်သုံးပြီး သူ့ရဲ့အခွင့်အရေးလိုဖြစ် သွားတယ်။**

ဒီနေ့ဒီအချိန်ခါအထိ NCA ဟာနိုင်ငံရေးထွက်ပေါက်ဖြစ်တယ်ဆိုပြီး ခံယူပြီးတော့မှ စစ်ကောင်စီနဲ့ပြတ်ပြတ် သားသား မဆန့်ကျင်တဲ့ အဖွဲ့အစည်းတွေလည်း ရှိနေသေးတာပဲ ဒါလက်တွေ့ပဲ။ ဒါကလည်း ကျတော်တစ်ဦးတည်း အနေနဲ့ သုံးသပ် ရင်တော့ အဖွဲ့အစည်းတွေရဲ့ အကျိုးအမြတ် ဦးစားပေးတဲ့အခွင့်အလမ်းခွဲခြားတဲ့အပေါ်မှာ မူတည် တယ်လို့ မြင်တယ်။ တစ်ချို့အဖွဲ့အစည်းတွေကတော့ ရှိမှာပေ့ါ၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အကျိုးအမြတ်၊ တစ်ချို့ ကလည်း အမျိုးသားတစ်ရပ်လုံးရဲ့အကျိုးအမြတ် တစ်ချို့ကတော့ အဖွဲ့အစည်းရဲ့အကျိုးအမြတ်၊ တစ်ချို့ ကတော့လည်း individual အကျိုးအမြတ် ပုဂ္ဂလိကအကျိုးအမြတ်၊ တစ်ဦးခြင်းအကျိုးအမြတ်တွေ ကွာခြားသလို ကျတော်တို့ရဲ့ရပ်တည်တဲ့ အနေအထားတွေကကွဲသွားတယ်။ အဲ့လိုပဲကျတော်ကတော့ ပွင့်ပွင့်လင်းလင်း သုံးသပ်ချင်တယ်။ ကျတော်တို့အဖွဲ့အစည်းက စစ်တပ်ကနေပြီးတော့မှ လူပေါင်းသိန်းနဲ့ချီပြီးသေနေတဲ့ ၂၀၀၈ ခုနှစ်မှာ အတင်းအကြပ် တရားဆွဲပြဋ္ဌာန်းလိုက်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ကျတော်တို့ကတော့ လက်မခံဘူး ကျွန်တော်တို့ KNPP ပါတီအနေကတော့ ၂၀၀၉ ခုနှစ် (၁၁) ကြိမ်မြောက်ပါတီကွန်ဂရပ်မှာကတည်းက ဆန့်ကျင် ကြောင်း သဘောထားထုတ်ပြန်ခဲ့ပြီးဖြစ်တာကြောင့် အကြမ်းဖက်စစ်ကောင်စီရဲ့ ၂၀၀၈ ဖွဲ့စည်းပုံးမှာ အခြေခံ ပြီးတော့မှ လုပ်သွားမယ့်အရာမှန်သမျှကတော့ ကျတော်တို့အနေနဲ့ ဆန့်ကျင်သွားမှာဖြစ်တယ်။

ဒါကြောင့် ၂၀၂၃ မှာ စစ်ကောင်စီကပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲကိုလည်း မဖြစ်မြောက်အောင် ဆန့်ကျင် ဆောင်ရွက်သွားမှာဖြစ်တယ်။ ကျတော်တို့ပြည်နယ်မှာကတော့ လူဦးရေတွေကတော့ ၂၀၁၈ ရဲ့အကျိုး ရလဒ်ကို ကောင်းကောင်းကြီးနားလည်နေပြီးလို့တော့ ယုံကြည်တယ်။ ဘာကြောင့်လဲဆိုရင် ရွေးကောက်ပွဲရဲ့ ရည်ရွယ်ချက်က ကျတော်တို့တင်မကဘူး လူထုကပါ ရှင်းရှင်းလင်းလင်းဖြစ်နေပြီလို့ ကျတော်တို့နားလည်တယ်။ ဘာကြောင့်လဲဆိုရင် ကျတော်တို့က နှစ်ပေါင်း ၇၀ ကျော် လူမျိုးကြီးဝါဒနဲ့ စစ်အုပ်ချုပ်ရေးအောက်မှာ အသက်ရှင် ရုန်းကန်ခဲ့ရတာဖြစ်တယ်။ (၂၃) ရက်နေ့ညက KIA မှာလေယာဉ်နဲ့ ပစ်သလို ကျတော်တို့ဆီမှာလည်း လေယာဉ်နဲ့ ပစ်တယ်၊ အမြောက်နဲ့ပစ်တယ်။ အဲ့တစ်ရက်တည်းမှာပဲ ကျတော်တို့ မိသားစုတစ်စုရဲ့အိမ်ကို ရမ်းသမ်းပစ်တဲ့ အမြောက်ကြီးကျပြီး လင်မယားနှစ်ယောက်က ဆုံးသွားတယ်။ ၆ လအရွယ်ကလေးနဲ့ ၂ နှစ်အရွယ်ကလေး နှစ်ယောက်ကတော့ မိဘမဲ့ဖြစ်ပြီးကျန်ခဲ့တယ်။ ဒါကအသေးအဖွဲလေးပါ။ ကျတော်တို့ဆီမှာ အားလုံးသိကြပြီးတဲ့ အတိုင်း ၂၀၂၁ ဒီဇင်ဘာ ခရစ်စမတ် အဖြစ်ကလည်း အားလုံးသိကြပြီးဖြစ်မှာပါ။ လူအစုလိုက်အပြုံလိုက် မီးရှို့ သတ်ဖြတ်တာ အဲ့လိုမျိုးတွေ ဖြစ်ခဲ့တယ်။ အဲ့တော့ ကျတော်တို့ပြောချင်တာကတော့ ရွေးကောက်ပွဲရဲ့ ရည်ရွယ်ချက် က စစ်တပ်က ထွက်ပေါက်ရှာတဲ့အပြင်ကို သူတို့က အနာဂါတ်မြန်မာနိုင်ငံရဲ့နိုင်ငံရေးမှာ ဆက်လက်ပါဝင်နိုင်ရေး တိုင်းပြည်ရဲ့ အာဏာကို စစ်တပ်က လိုသလိုချုပ်ကိုင်ထားနိုင်ရေးနဲ့ နိုင်ငံတကာမှသူတို့ကို တရားဝင်ရေးရှိအောင် ဆိုတဲ့ ရည်ရွယ်ချက်ကလွဲပြီးမှ တစ်ခြားကျတော်တို့လိုချင်တဲ့ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တန်းတူရေးနဲ့ တရားမျှတရေး ကိုယ်ပိုင်အုပ်ချုပ်ရေး ဒါတွေဘာရည်ရွယ်ချက်မှမရှိဘူး။ ပါးစပ်ကဖက်ဒရယ်လို့ပြောနေပေမယ့် ဒီဖွဲ့စည်းပုံကိုတောင်မှ ပြောင်းလဲဖို့ဆိုတာက ဒီနေ့ဒီအချိန်အထိ လက်တွေ့ကျကျဆောင်ရွက်တာမရှိသေးဘူး။ သူတို့အနေနနဲ့ကတော့ ၂၀၁၈ ကိုအသေကိုဆွဲကိုင်ထားတာ အဲ့ထဲကိုက ကျတော်တို့တိုင်းရင်းသားတွေ လိုချင်တဲ့ တန်းတူရေး တရားမျှတခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ အပြည့်အဝကိုအာမခံပေးနိုင်တဲ့ ဖက်ဒရယ် ဒီမိုကရေစီတည်ဆောက်ရေးဆိုတဲ့ လမ်းကြောင်းနဲ့ကတော့ တအားလွဲနေပြီဖြစ်တယ်။ အဲ့ဒါကြောင့်မို့ ကျတော်တို့ ပြည်သူလူထုတွေ အားလုံးကနားလည်ပြီးတော့မှ ၂၀၂၃ မှာစစ်ကောင်စီကကျင်းပမယ့် ရွေးကောက်ပွဲက တရားဝင် မှု မရှိဘူး ဆိုတာတွေကို ကျတော်တို့က အားလုံးကို သတင်းအချက်အလက်တွေ မျှဝေပေးခြင်း အစီအစဉ်တွေကို ပြည်သူလူထုကြားမှာ ဒါတွေကိုအမြန်ဆုံးဆောင်ရွက်ဖို့လိုအပ်နေပြီ။

ဒါ့အပြင် ကို ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်တွေကို အမြန်ဆုံးစုဆောင်းပြီးတော့မှ သူ့ရဲ့ လုပ်ရပ် တွေကို ဖန်တီးဖို့လိုတယ်။ ရွေးကောက်ပွဲဟာ မဲဆန္ဒရှင်တွေအတွက် လုံခြုံစိတ်ချမှုမရှိဘူး။ တရားမျှတမှု မရှိဘူး တရားဝင်မှု မရှိဘူးဆိုတာတွေကို ပြည်သူလူထု တစ်ရပ်လုံးနဲ့ နိုင်ငံတကာသိအောင် ရှင်းရှင်းလင်းလင်း ချပြဖို့ လိုအပ်တဲ့အချိန်ဖြစ်တယ်။ ဒီလိုလုပ်တဲ့အခါမှာလည်း ကျွန်တော်တို့နားလည်ထားတာကတော့ တိုင်းနဲ့ ပြည်နယ် အနေအထားတွေကတော့မတူကြဘူး။ တစ်ချို့ပြည်နယ်တွေမှာ ခုနကကျတော်ပြောတဲ့ ပြည်သူလူထု ကို သတင်းအချက်အလက်မျှဝေပေးတာတွေ နိုင်ငံတကာကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ရွေးကောက်ပွဲရဲ့ မတရား မှုတွေ တရားမဝင်မှုတွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ လမ်းကြောင်းတွေရှိသလို တစ်ချို့ ပြည်နယ်တွေမှာတော့ တစ်ခြားနည်းလမ်းနဲ့ ဖိအားပေးဆောင်ရွက် နိုင်တာတွေ ရှိမယ်လို့ ကျတော်ကအဲ့လိုပဲ ယုံကြည်ပါတယ်။ အဲ့တော့ကျတော့အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းတွေက စကစက ကျင်းပတဲ့ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေမှာ ပါဝင်လိုက်မယ်ဆိုရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းတွေက ဘာကြောင့်လက်နက်ကိုင် တော်လှန် နေကြတာဆိုတဲ့ မေးခွန်းက ရှိလာပါလိမ့်မယ်။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ကတော့ နိုင်ငံရေးရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့ နည်းလမ်းတွေ မတူညီတာရှိပါတယ်။ ဒါပေမယ့် ခုနကဆရာမပြောသလိုပဲ ကျတော် တို့အားလုံးရဲ့ နိုင်ငံရေးရည်မှန်းချက် ကတော့ ဘုံရှိတယ်လို့နားလည် ပါတယ်။ အဲ့ဒါက ကျတော်တို့နိုင်ငံမှာ လူမျိုးကြီးဝါဒတွေကင်းစင်ရမယ် တရားမျှတမှု၊ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဒါတွေကိုကျတော်တို့က လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်ရေးဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်ကတော့ တူတယ်လို့ကျတော်နားလည်ပါတယ်။ တိုင်းရင်းသားတွေမှာလည်း မတူညီတဲ့ သမိုင်းကြောင်းတွေရှိတယ်။

ဒါတွေကတော့မပြောတော့ပါဘူး။ ကျတော်တို့ဆိုရင် independent ကနေပြီးတော့မှ တကယ်တမ်း ကိုယ်ပိုင်ပြဌာန်းခွင့်သာ အာမခံနိုင်မယ်ဆိုရင် ဖက်ဒရယ်ထဲမှာ တစ်ခြားတိုင်းရင်းသားတွေနဲ့ အေးအတူပူအမျှ လက်တွဲယှဉ်တွဲနေထိုင်မယ်ဆိုတဲ့ ဖက်ဒရယ်စနစ်ကို ၂၀၀၁ ထဲ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့တာဖြစ်တယ်။ အဲ့တော့ ကျတော်ပြောချင်တာကတော့ အကြမ်းဖက်စစ်ကောင်စီရဲ့ ကြိုးပမ်းအကောင်အထည်ဖော်တဲ့လုပ်ငန်းတွေကို ကြည့်ပြီးတော့ သုံးသပ်လို့ရတယ် ကျတော်တို့တိုင်းရင်းသားလက်နက်ကိုင်တွေက ကျွန်တော်တို့ ကြားထဲမှာ နှစ်ပေါင်း (၇၀) ကျော်လုံးလုံး သွေးခွဲအုပ်ချုပ်ရေးကို စစ်တပ်ကနေအကောင်အထည်ဖော် ဆောင်ရွက်လာတာ နှစ်ပေါင်းတော်တော်ကြာပြီ။ ဒါကိုကျတော်တို့အားလုံးသိပြီးဖြစ်တယ်။ ကျတော်တို့ ညီညွတ်တော့မယ်ဆို ပြန်ပျက်သွားတယ်။ ကျတော်တို့သွေးစည်းတော့မယ်ဆိုရင် ပြန်ပျက်သွားတယ်။ ဒါကသူ့အလုပ်လုပ်တာပဲ ဒါပေမယ့် ကျွန်တော်တို့မလုပ်နိုင်တာက ကျတော်တို့အားနည်းချက်ဖြစ်တယ်။ အဲ့တော့ အခုလည်း ၂၀၂၃ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေကိုက သူတို့ကနေမှလုပ်တယ်။ ဒါကလည်း ၂၀၀၈ ကိုအခြေခံ တဲ့လုပ်ငန်းစဉ်ပဲ နောက်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတစ်ချို့နဲ့လည်း NCA ကိုအခြေခံပြီးတော့ ဆွေးနွေးပွဲတွေလုပ်တယ် NCA ကလည်း ၂၀၀၈ ကိုအခြေခံထားတာပဲ နောက်ပြီး ဆွေးနွေးပွဲ တွေလုပ်မယ် ၂၀၀၈ ကိုလိုအပ်သလိုပြင်ဆင်မယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ၊ ပြည်နယ်အသစ်ပေါ်ထွန်းရေးတွေ လုပ်မယ်၊ ဖက်ဒရယ်စနစ်အကောင်အထည်ဖော်မယ် ဘာညာပေါ့။ ဒါကတော့ သူ့ရဲ့မက်လုံးတွေဖြစ်တယ်။ ဒါပေမယ့်လည်း သူတို့ရဲ့အနောက်မှာ Hidden Agenda က ရှိနေတယ်။ တကယ်လို့ဒီလုပ်ငန်းစဉ်တွေ မဖြစ်ဘူးဆိုရင် လည်း သူတို့က ပြည်သူလူထုတစ်ရပ်လုံးက တိုင်ပြည်ရဲ့ အာဏာကို မတရားသိမ်းလိုက်တာကို ဘယ်သူမှလက်မခံဘူး။ နွေဦးတော်လှန်ရေးကလည်းပေါ်ပေါက်လာပြီးပြီ ဖြစ်တယ်။ အဲ့အတွက်ကြောင့်လည်း သူတို့ကဒါကိုဖြေလျှော့ဖို့အတွက် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လက်ခံပြီး တော့မှ သူတို့နဲ့ Partner တွေဖြစ်တဲ့ နိုင်ငံရေးပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာက Hidden Agenda ရှိသေးတယ်။ အဲ့တော့ ၂၀၂၀ ရွေးကောက်ပွဲကို လက်ခံလိုက်တယ်ဆိုတာဘာလဲ၊ ၂၀၂၀ ရွေးကောက်ပွဲက ၂၀၀၈ ကို အခြေခံတယ်၊ အခြေခံ တဲ့အတွက် ၂၀၀၈ ထဲမှာပြဌာန်းထားတာက စစ်တပ်က နိုင်ငံရေးမှာ ၂၅ ရာခိုင်နှုန်းပါလာအုံး မှာပဲ။ ဥပဒေ ပြုရေးမှာပါလာမယ် အုပ်ချုပ်ရေးအခန်းကဏ္ဍမှာပါလာမယ်။ အဲ့ဒီတော့ ကျတော်တို့က ၂၀၀၈ ကို အခြေခံ ပြီးတော့ သူတို့လုပ်နေတဲ့ လုပ်ငန်းတွေအားလုံးကို ရှင်းရှင်းလင်းလင်းသိဖို့လိုတယ်။ ကျွန်တော်တို့ဒါကို စဉ်းစားဖို့လိုတယ်။

ကျတော်တို့ရဲ့နိုင်ငံရေးရည်မှန်းချက်ဖြတဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးကို ဘယ်လိုအကောင် အထည်ဖော်မလဲ။ ၂၀၀၈ ဖွဲ့စည်းပုံက တပ်ကို နိုင်ငံရေးမှာပါဖို့သူတို့ရဲ့ အသုံးအနှုန်းအရ တပ်ကအမျိုးသားနိုင်ငံရေး မှာ ဦးဆောင်မှုအခန်းကဏ္ဍကနေ ဆက်လက်ပြီးတော့ပါဝင်နေမယ်ပေါ့။ နောက်တစ်ခုက အစိုးရအုပ်ချုပ်ရေးဌာန ကို ဖွဲ့တဲ့နေရာမှာလည်း တပ်ကအဓိကကျတဲ့ အရေးကြီးဌာနတွေကို ဆက်လက်ထိန်းချုပ်ထားနိုင်တယ်။ မူဝါဒအရ သော်လည်းကောင်း ဥပဒေပြုရေးအခန်းကဏ္ဍမှာ သော်လည်းကောင်း ၂၅ ရာခိုင်နှုန်းက ဆက်ပြီးတော့ထိုင်နေအုံး မယ်ဆိုတော့ အဲ့လိုထိုင်နေခြင်းအားဖြင့် တိုင်းပြည်ရဲ့ဆုံးဖြတ်ချက်တွေကို သူတို့သဘောသတို့ဆန္ဒမပါဘဲနဲ့ လုပ်လို့ မရဘူးဆိုတဲ့ concept ကိုကိုင်ထားတယ်။ အဲ့တော့ပြည်နယ်တွေကို သူတို့သဘောအတိုင်း ဘယ်လောက် အာဏာပေးမယ် ဘယ်လောက်လုပ်ပိုင်ခွင့်ပေးမယ်ဆိုတာက ဒါကလည်းဖြစ်လာမှာ။ ဘာကြောင့်လဲဆိုတော့ ၂၀၀၈က ဖက်ဒရယ်ဖွဲ့စည်းပုံမဟုတ်ဘူး။ ၂၀၀၈ က တစ်ပြည်ထောင်စနစ်ကိုအခြေခံပြီးတော့ ဗဟိုချုပ်ကိုင်မှုစနစ် အားကောင်းအောင် လုပ်ထားတဲ့ စနစ်ဖြစ်တယ်။ အဲ့တော့ ကျတော်တို့တိုင်းရင်းသားတွေ လိုချင်တဲ့ တန်းတူရေး၊ တရားမျှတရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ဒီမိုကရစီပြည်ထောင်စုထဲမှာ တည်ဆောက်ရေးတွေ ကျွန်တော် တို့လိုချင်တဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်ကြားမှာ တိကျတဲ့လုပ်ပိုင်ခွင့်တွေကို ခွဲဝေထားတာမရှိဘဲနဲ့ ဗဟိုကပေးထား တဲ့အာဏာကို လိုက်နာကျင့်သုံးတဲ့အဆင့်ကိုပဲရမှာဖြစ်တယ်။ အဲ့အတွက်ကြောင့် ကျွန်တော်တို့ လက်နက်ကိုင် တော်လှန်ရေးက လုပ်နေတဲ့နိုင်ငံရေးရည်မှန်းချက်တွေက အလိုအလျောက်ပျောက်ကုန်မှာ ဖြစ်တယ်။ အဲ့တော့ ကျွန်တော်တို့လိုချင်တာက ကျတော်တို့ပြည်နယ်တွေ ဖက်ဒရယ်ယူနစ်တွေမှာ ပြည်နယ် ဖွဲ့စည်းပုံကို သက်ဆိုင်ရာ ပြည်နယ်နဲ့ ဖက်ဒရယ်ယူနစ်တွေက ကိုယ်ပိုင်ရေးဆွဲပိုင်ခွင့်ရှိရမယ်။ ပြည်ထောင်စုနဲ့ ပြည်နယ်ကြားမှာ အာဏာခွဲ ဝေမှုတွေကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရမယ်။

ဒါမှသာကျတော်တို့ တိုင်းရင်းသားတွေလိုအပ်တဲ့ တန်းတူရေး၊ တရားမျှတရေးနဲ့ ကိုယ်ပိုင်းပြဌာန်းခွင့်တို့ အပြည့်အဝကျင့်သုံး နိုင်မှာဖြစ်တယ်။ ဆိုတော့ ဒီနေ့ စကစက အကောင်ဖော်နေတဲ့ ၂၀၂၃ ရွေးကောက်ပွဲတို့ တိုင်းရင်းသားတွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲကနေပြီးတော့မှာ ကျတော်တို့လိုချင်တဲ့ နိုင်ငံရေးရလဒ်တွေ ကျွန်တော်တို့ လိုချင်တဲ့ တန်းတူရေး၊ တရားမျှတရေးနဲ့ တိုင်းရင်းသားအခွင့်အရေး တွေကတော့ ဖြစ်ပေါ်လာစရာအကြောင်းမရှိဘူး။ ဒါကြောင့်မို့ ကျတော်တို့ကတော့ စစ်ကောင်စီကပြုလုပ်မယ့် အတုအယောင် ရွေးကောက်ပွဲတွေကို နည်းမျိုးစုံနဲ့ ဆန့်ကျင်ဆောင်ရွက်သွားဖို့ကတော့ ကျတော်တို့မှာတာဝန်ရှိတယ်။ တစ်တိုင်းပြည်လုံးအနေနဲ့ တော်လှန်ရေးကို ဆင်နွှဲနေတဲ့အချိန်မှာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေမှာ ပိုပြီးတာဝန် ယူပြီးတော့မှ ပြည်သူလူထုရဲ့ဆန္ဒကို လုပ်ပေးဖို့လိုတယ်။ အဲ့အတွက်ကြောင့်

> **စစ်အာဏာရှင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တွေက တော်လှန်ရေးအင်အားစု တွေကြားထဲမှာ လက်တွဲညီညီတဲ့ ပူးပေါင်းဆောင်ရွက်သွားကြဖို့ အဓိက လိုအပ်နေတဲ့ အချိန်ကာလဖြစ်တယ်။ ၂၀၂၃ ရွေးကောက်ပွဲတို့၊ Negotiation talk တို့၊ ဘာတို့ညာတို့ ဆိုတဲ့ စစ်ကောင်စီကနေပြီးတော့မှ သူတို့ရဲ့တရားဝင်မှုရှိအောင် နိုင်ငံရေးမှာဦးဆောင် နိုင်အောင်ဆိုတဲ့ ဒီအဓိကရည်မှန်းချက်တွေနဲ့လုပ်နေတဲ့ လုပ်ငန်းစဉ်တွေမှာတော့ ကျွန်တော်တို့ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မယ်လို့ကျတော်အနေနဲ့ ပြောချင်ပါတယ်။**

ဦးဆောင်ပံ့ပိုးသူ

**လွေးပိုးငယ်**

အထူးသဖြင့် အကြမ်းဖက်စစ်အုပ်စုကနေပြုလုပ်မယ့် အတုအယောင်ရွေးကောက်ပွဲက တရားဝင်မှု မရှိဘူး ဆိုတာ မြန်မာတို့အားလုံး ပြည်သူလူထုအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ပြတ်ပြတ်သားသား ဆန့်ကျင့်ကန့်ကွက်ရမှာဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်လို့ပဲပြောပြော အခုလက်ရှိကာလမှာ ပါဝင်နေတဲ့ နိုင်ငံရေးခေါင်းဆောင်အသီးသီးကလည်း ဒါကိုပြတ်ပြတ်သားသားကန့်ကွက်ဆန့်ကျင်ဖို့လိုတယ်ဆိုတာထည့်သွင်း ပြောကြားပေးတဲ့ ဆရာအောင်ဆန်းမြင့်ကို ကျေးဇူးတင်ပါတယ်။

ကျမတို့ရဲ့ဆွေးနွေးပွဲကတော့ မေးခွန်းမေးမယ့်အချိန်ရောက်ပါပြီ။ ဆိုတော့ ကြည့်ရှုနေတဲ့ ပြည်သူ လူထုတွေ ထဲက ပဲဖြစ်ဖြစ်၊ Zoom ထဲမှာရှိနေတဲ့ တက်ရောက်ပေးတဲ့သူတွေကပဲဖြစ်ဖြစ် မေးခွန်းရှိတယ်ဆိုရင် မေးမြန်းဖို့ အတွက် အချိန်ပေးပါ့မယ်။ မေးခွန်းမေးမြန်းမယ်ဆိုရင် လက်ထောင်ပြီးတော့မှ မေးမြန်းလို့ရပါတယ်။ ဒါမှမဟုတ် Live မှာကြည့်ရှုနေတဲ့ ပြည်သူလူထုတွေဆီကနေ မေးခွန်းရှိတယ်ဆိုရင် ကျမတို့လက်ခံပေးပါ့မယ်။ မေးခွန်း မေးတဲ့အခါမှာ မေးချင်တဲ့ခေါင်းဆောင်ကိုတစ်ခါတည်းတိုင်တည်ပြီးတော့ မေးလို့ ရပါတယ်ရှင့်။

မေးခွန်းမရှိတော့ဘူးဆိုရင် ကျမတို့ရဲ့ဆွေးနွေးပွဲကို မေးခွန်းတစ်ခုနဲ့အဆုံးသတ်ချင်ပါတယ်။ ဒီမှာရှိနေတဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျမတို့အခုဆွေးနွေးသွားတဲ့ခေါင်းစဉ်လိုပေါ့နော်။ ဆရာဦးအောင်မိုးဇော် ပြောသလို ပေါ့နော်။ ရွေးကောက်ပွဲဆိုတာသူတို့ရဲ့ နိုင်ငံရေးထွက်ပေါက်တစ်ခုအဖြစ် စဉ်းစားထားတာဖြစ်တဲ့ အတွက်ကြောင့် အခုလောလောဆယ်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေကမ်းလှမ်းပြီးတော့ အတုအယောင်တွေ လုပ်နေတဲ့ကိစ္စဖြစ်တယ် ။ ရွေးကောက်ပွဲကတော့ ထင်ထင်ရှားရှားသူတို့ရဲ့နိုင်ငံရေးထွက်ပေါက်တစ်ခုအဖြစ် လုပ်ဆောင်ဖို့အတွက်ဆိုင်းပြင်း နေတဲ့ အနေအထားမှာတွေ့ရတယ်။ ပြည်သူလူထုတွေကို စည်းရုံးနေတဲ့ အနေအထားမှာလည်းရှိသလို UEC လို့ ခေါ်တဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွေကိုလည်း စည်းရုံးနေတဲ့ အနေအထားမှာရှိတယ်။

တစ်ဖက်မှာကျတော့လည်း တိုင်းရင်းသားလက်နက်ကိုင်တွေကို ငြိမ်းချမ်းရေးအတုအယောင်ဆိုပြီးတော့မှ မက်လုံးတွေပေးပြီး စွမ်းဆောင်နေတဲ့အနေအထားမှာ ရှိတယ်ပေ့ါလေ။ ကျမတို့ ပြည်သူလူထုတွေကတော့ အကြမ်းဖက် စစ်ကောင်စီကို ယနေ့အထိ တော်လှန်တိုက်ခိုက်နေတဲ့ ပြည်သူလူထု တွေချည်းပဲဖြစ်ပါတယ်။ ကျမတို့ ပြည်သူလူထုက ဒီနွေဦးတော်လှန်ရေးမှာကြည့်ရင်လည်း လူထုအလွှာ အသီးသီးက တာဝန်ကျေခဲ့ကြတဲ့ ပြည်သူလူထုတွေပဲဖြစ်ပါတယ်။ ဆိုတော့ ဒီအကြမ်းဖက်စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်မှန်သမျှကို ပိတ်ပင်ဖို့လိုသလို ၊ ဟန့်တားဖို့လဲလိုတယ်၊ ဆန့်ကျင်တိုက်ဖျက်ဖို့လည်း လိုတာကို ကျမတို့ခုနကလည်းဆွေးနွေးခဲ့ကြပြီးဖြစ်တယ်။

ဆရာအောင်ဆန်းမြင့်ကို ကျမမေးချင်တာက ကျမတို့ပြည်သူလူထုကအရမ်းကိုတာဝန်ကျေခဲ့ပြီ ဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ်ဖိနှိပ်မှုအောက်မှာ နေနေရတာဖြစ်တဲ့အတွက်ကြောင့်မို့ သူတတ်နိုင်တဲ့ဘက်ကနေ တော်လှန်၊ တွန်းလှန်နေအုံးမှာပဲ၊ အံတုနေအုံးမှာပဲ။ ဆိုတော့ ကျမတို့

*ဒီတော်လှန်ရေးအရွေ့ကို မြန်ဆန်နိုင်ဖို့ အတွက် အခုပါဝင်နေတဲ့တော်လှန်ရေးအင်အားစုတွေကို ဒီထက်ပိုပြီးတော့မှ ကျမတို့လိုလားတဲ့ နိုင်ငံရေးမျှော်မှန်းချက် ပန်းတိုင်ကိုရောက်ရှိနိုင်ဖို့အတွက် ဆရာဦးအောင်ဆန်းမြင့်အနေနဲ့ ဘာများသုံးသပ် ဆွေးနွေး ချင်သလဲ။ လက်ရှိတော်လှန်ရေးအင်အားစုတွေကို ဘာပြောချင်သလဲ။*

## ဆရာအောင်ဆန်းမြင့်

ကျတော့်အနေနဲ့တော့ အချက် (၂) ချက်ကိုဆွေးနွေးချင်တယ်။ တော်လှန်ရေးအင်အားစုတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တဲ့တစ်ချက်ရှိတယ်၊ နောက်ပြီးနိုင်ငံတကာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးချင်တာတစ်ချက်ရှိပါတယ်။ မနက်ဖြန်သန်ဘက်ခါဆိုရင် အာဆီယံအစည်းအဝေးကလည်း ရှိတော့မှာဖြစ်တယ်။ အာဆီယံနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေကိုကြည့်လိုက်မယ်ဆိုရင် ခုနက ကိုအောင်မိုးဇော်လည်း ပြောသွားတယ်။ ဘယ်နှစ်နိုင်ငံက Democratic principle ကိုကျင့်သုံးလဲ၊ ဘယ်နိုင်ငံတွေက အာဏာရှင်စနစ်ကို ကျင့်သုံးလဲ၊ ဗဟိုချုပ်ကိုင်မှုစနစ်ကိုကျင့်သုံးလဲ ဆိုတာ များသောအားဖြင့်တော့ ကျတော်တို့ အာဆီယံ နိုင်ငံတော်တော်များများက တစ်ဝက်ကျော်လောက်က ဗဟိုချုပ်ကိုင်မှုစနစ်ကိုအများကြီး ကျင့်သုံးကြတာတွေပဲရှိတယ်။ ဆိုတော့သူတို့က ဗမာနိုင်ငံရေးနဲ့ ပက်သက်ပြီးတော့မှ အာဆီယံရဲ့ ရည်ရွယ်ချက်လည်း ကျတော်တို့အားလုံးသိကြပြီးသားဖြစ်တယ်။ ဒါကတော့သူတို့ရဲ့နိုင်ငံရေးအရ၊ စစ်ရေးအရသော်လည်းကောင်း၊ စီးပွားရေး အရသော်လည်းကောင်း အဓိကကတော့ နိုင်ငံရေးနဲ့စီးပွားရေးအရကိုပဲ မဟာမိတ်လုပ်ထားတဲ့အုပ်စုဖြစ်တယ်။ ဒီကနေ့မြန်မာနိုင်ငံရဲ့အနေအထားပေါ်မှာ သူတို့ကလည်းဝိုင်းပြီးတော့မှ ဖြေရှင်းချင်တဲ့အနေအထားမျိုးတွေရှိတယ်။ ဒါကလည်း အနောက်နိုင်ငံကနေ တိုက်ရိုက်ပါဝင်ပက်သက်ခြင်း မရှိအောင် regional ကနေပြီးမှ သူတို့ရဲ့အားကိုစုတဲ့သဘောပေ့ါ။ အဲ့လိုစုတဲ့အခါမှာ သူတို့ကလည်း ဒီကနေ့ ကျွန်တော်တို့နိုင်ငံအတွက် ပေါ်တင်ကြီး Five Points Concern ကိုတင်ထားတယ်၊ အချက် (၅) ချက်ကိုတင်ထားတာရှိတယ်။ ဒီကနေ့ဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှု လုပ်ရပ်တွေအားလုံးလျှော့ချဖို့၊ နိုင်ငံရေးဆွေးနွေးပွဲကနေအဖြေရှာဖို့၊ လူသားချင်းစာနာတဲ့ဟာတွေ ဆက်လက်ပြီး အမြန်ဆုံးအထောက်အပံ့ပေးဖို့၊ UN အနေနဲ့ အာဆီယံ အနေနဲ့ မြန်မာပြည်ကို လည်ပတ်နိုင်ရေး၊ နောက်တစ်ခုက Stakeholder အားလုံးနဲ့တွေ့ဆုံနိုင်ရေးဆိုတဲ့ five points concern ကိုလည်း သူတို့တင်ထားတယ်။ အဲ့တော့ ဒီကနေ့ကျတော်တို့နိုင်ငံရဲ့ အနေအထားအရ ခုနကပြောတဲ့ ကျွန်တော်တို့အမြန်ဆုံးတွေ့ဆုံဆွေးနွေးညှိနှိုင်းပြီးမှ အဖြေရှာမယ် ဆိုတဲ့ဟာက အကြိမ်ပေါင်း များစွာလုပ်ခဲ့ပြီးပြီ။ ၁၉၆၃ တုန်းကလည်း ကျတော်တို့သမ္မတစောမောင်ရယ်တို့၊ ဗိုလ်ချုပ်မြတို့၊ အားလုံးက ရန်ကုန်အထိ သွားပြီးတော့ ဦးနေဝင်းအစိုးရနဲ့ဆွေးနွေးဖူးခဲ့တယ်။ ဒါပေမယ့်လည်းမသေလို့ပြန်လာနိုင်ကြတာ။ ဒါကတော့ လုပ်ကြံတာ။ အဲ့ဒါကတော့ ကျတော်မမွေးသေးပါဘူး၊ လူကြီးတွေကနေ တစ်ဆင့်စကားတစ်ဆင့် ကြားခဲ့ရတာ။ နောက်ပြီးတော့ ကျွန်တော်ပါလာတဲ့ ၁၉၉၄-၉၅ မှာ ကျတော်တို့ကြည့်လိုက်တယ်။ ဒါကလည်း ပါးစပ်ကပြောလိုက်ရင်ခေါင်းစဉ်ကတော့ peace talk ပါပဲ။ ဒါပေမယ့် တိုင်းရင်းသားတွေလိုချင်တဲ့ အခြေခံ ကျတဲ့ အချက်အလက်တွေ ဆွေးနွေးတာ မဟုတ်ဘူး။ ကျတော်တို့ တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ဖြုတ်သိမ်းရေးကဦးဆုံးလာတာပဲ။

ဆိုတော့ ၂၀၂၀ အာဏာမသိမ်းခင် အချိန်အထိက ကျတော်တို့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ဖြုတ်သိမ်းရေးကို တစိုက်မတ်မတ် ကြိုးစားလာခဲ့ တယ်။ ခေါင်းစဉ်တွေအမျိုးမျိုးတပ်ပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်တယ်။ ဒါကပြောရမယ်ဆိုရင် တိုင်းပြည်မှာဖြစ်တဲ့ပြဿနာကို တိုက်ရိုက်ဖြေရှင်းတဲ့ resolution သူတို့လုပ်တာပဲ။ ဒါပေမယ့် ဘယ်နှစ်ခါအောင်မြင်လဲ။ မအောင်မြင်ဘူး။ မအောင်မြင်တဲ့အကြောင်းတရားတွေကရှိတယ်။

> **ကျတော်တို့ အဓိကဖြစ်နေတဲ့ Roots of cause တွေက လူမျိုးကြီးဝါဒတွေကကြီးစိုးနေတယ်၊ ဗဟိုချုပ်ကိုင်မှု စနစ်တွေ ဖြစ်နေတယ်၊ တိုင်းပြည်ရဲ့ structure ကတရားမမျှတမှုတွေဖြစ်နေတယ်။ လူမျိုးတစ်မျိုးကနေ လူမျိုးတစ်မျိုးအပေါ်မှာ နိုင်ထက်စီးနင်းလုပ်တဲ့ mindset တွေ၊ ဒါတွေကိုကျတော်တို့ change ရမယ့် transformation ဖြစ်တယ်။ ဒီလုပ်ငန်းစဉ်တွေကိုဘယ်ဟာကိုအရင်လုပ်ရမှာလဲမပြောဘူး၊ဒါတွေကိုပူးတွဲလုပ်မှသာ national dialogue ဆိုတာ outcome ကကောင်းကောင်းလေးထွက်လာမှာဖြစ်တယ်။ အာဆီယံရဲ့ five points concern ကတော့ ခုနကတိုက်ရိုက် resolution လုပ်တဲ့ဟာကိုညွှန်းတဲ့အတွက် ဒါကတော့ အောင်မြင်စရာလမ်းစမရှိဘူး။ ဒါကပွင့်ပွင့်လင်းလင်း ပြောတာပေါ့နော်။**

တစ်ဆက်တည်းမှာပဲ ရွေးကောက်ပွဲရလဒ်တစ်ခုက သူတို့ရဲ့ထွက်ပေါက်အနေနဲ့လုပ်တဲ့ဟာ ဖြစ်တယ်။ ဒါတွေကိုသွားပြီးတော့မှ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးဆိုပြီး သွားထောက်ခံရင် ကျွန်တော်တို့ တိုင်းပြည်မှာနှစ်ပေါင်း (၇၀) ဖြစ်နေတဲ့ နိုင်ငံရေးပြဿနာတွေကို ဘယ်လိုနည်းနဲ့မှပြီးဆုံးအောင် ဆောင်ရွက်နိုင်မှာမဟုတ်ဘူး။ နိုင်ငံတကာကိုလည်း ကျတော်တို့ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသားရှင်းဖို့ လိုတယ်။ အဲ့တော့ ကျတော်တို့ဖြစ်နေတဲ့ နိုင်ငံတကာရဲ့အရေးအခင်းကို “ကဲ... ခင်ဗျားတို့ဒါကိုလက်မခံဘူးဆိုတော့ အခြားနည်းလမ်းရှိလား” ဆိုတော့ရှိတာပေါ့။ ဒါပေမယ့်ကျတော်တို့နဲ့ နီးနီးကပ်ကပ်တကယ်တမ်းအရေးအခင်းမှာပါနေကြတဲ့၊ ပြဿနာထဲမှာပါနေကြတဲ့ ကျတော်တို့အဖွဲ့အစည်း တွေနဲ့နီးနီးကပ်ကပ်အလုပ်ရမယ်။ ကျတော်တို့က နိုင်ငံတကာ အကြိုက်ကိုလိုက်ပြီးမှ ကိုယ့်ဘာသာကိုယ် plan တွေဆွဲ၊ ဥပဒေတွေပြုပြီးမှ လုပ်တဲ့ဟာကို ဥပဒေသဘောတရားပဲလေ။ လွှတ်တော်ကဘယ်လောက်ဥပဒေပြုပြု ပြည်သူလူထုကလေးစားလိုက်နာနိုင်တဲ့ ဥပဒေမဖြစ်နေရင် ဘယ်လိုမှ activate ဖြစ်မှာမဟုတ်ဘူး။ အဲ့သဘောပါပဲ။ အဲ့တော့ အာဆီယံပဲဖြစ်ဖြစ်၊ UN ပဲဖြစ်ဖြစ်၊ နိုင်ငံတကာပဲဖြစ်ဖြစ်ပြည်သူလူထုရဲ့ အဓိကလိုလားချက်ကဘာလဲ၊ အဓိကဖြေရှင်းရမယ့် ပြဿနာက ဘာလဲဆိုတာ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှသိရလိမ့်မယ်။ အဲ့ဒါတစ်ချက်ပါ။ အဲ့ဒါလေးပြောချင်လွန်းလို့ကျတော်ထည့်ပြောတာ။ ခုနကတော်လှန်ရေးဒုတိယမေးခွန်းပေါ့နော်။ တော်လှန်ရေး အင်အားစုတွေ ကြားထဲမှာပေါ့။ ဒီကနေ့ကတော့ နှစ်ဖွဲ့ပဲရှိတာပေါ့နော်။ တိုင်းပြည်အာဏာကို မတရားသိမ်းထားတဲ့စစ်အုပ်စုနဲ့ အနာဂါတ်ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးကို သွားမယ်ဆိုတဲ့ အုပ်စုနှစ်စုပဲ ရှိတယ်။ အဲ့တော့ကျတော်တို့က ဖက်ဒရယ်ဒီမိုကရေစီကို သွားမယ်လို့ပြောတဲ့အုပ်စုတွေ တော်လှန်ရေး အင်အားစုတွေကြားမှာ ဘုံရည်မှန်းချက်ကတော့ အာဏာရှင်စနစ် ချုပ်ငြိမ်းပြီးမှ ဖက်ဒရယ်ဒီမိုကရေစီ စနစ်တည်ဆောက်ရေး၊ နောက် ၂၀၀၈ ဖျက်သိမ်းရေး၊ ပြည်နယ်တွေမှာ သူတို့ရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိရေး၊ အရပ်သားအစိုးရပေါ်ပေါက်လာရေး။ ဒါတွေက အပေါ်ယံ general သဘောတူညီမှုကြရုံနဲ့ မရဘူး။ အဲ့ဒီကိုသွားတဲ့အခါမှာ ကျတော်တို့က concept တွေတူရမယ်။ ဖက်ဒရယ်လို့ပြောတဲ့အခါမှာလည်း ဖက်ဒရယ်ရဲ့ concept ကတူရမယ်။ ကျတော်တို့ကြားထဲမှာ ဖက်ဒရယ်ကို သွားမယ်လို့သာပြောကြတာ ဒါပေမယ့် အဓိပ္ပာယ်ဖွင့်ဆိုနေတဲ့ ဖက်ဒရယ်ချင်းကမတူဘူးဖြစ်နေတယ်။ ဒါတွေကကျတော်တို့ရဲ့ ပထမပြဿနာ ဖြစ်နေတယ်။ နောက်တစ်ခုက ခုနကပြောတဲ့ Transformation ကိုကောင်းကောင်းမလုပ်နိုင်တာပြဿနာ။ ဒီကနေ့ဆွေးနွေးပွဲတွေမှာ ကြည့်လိုက်မယ်ဆိုရင် ပြည်နယ်နဲ့ ပြည်ထောင်စုအကြောင်းကို ဆွေးနွေးလိုက်မယ်။ ဒါကအထစ်အငေါ့ဖြစ်လာပြီ။

ဘာလို့လဲဆိုတော့ ကျတော်တို့ကသမားရိုးကျ ခုနကပြောတဲ့ mindset တွေ structure တွေကို မပြောင်းလဲနိုင်ဘူး ။ ဒါက ပြဿနာအများကြီးရှိတယ်။ နောက်တစ်ခုရှိသေးတယ်။ ကျတော်တို့ဒီကနေ့တော်လှန်ရေးမှာ ကျတော်တို့ လုပ်ထားတာက de facto နဲ့ de jure ကိုပေါင်းစပ်ထားတာ။ ရှင်းရှင်းပြောရမယ်ဆိုရင် ကျန်တဲ့ traditional legitimacy တို့ charismatic တို့ကိုမပြောတော့ဘူး။ အခုပြောချင်တာကတော့ process democracy နဲ့ outcome legitimacy ကိုပဲပြောချင်တယ်။ အဲ့တော့ ၂၀၂၀ ရွေးကောက်ပွဲမှာ ပြည်သူလူထုကထောက်ခံမှုရထားတဲ့ လွှတ်တော် အမတ်တွေရှိမယ်။ ဒါကတော့ process legitimacy ပေါ့။ သို့သော်လည်းပဲ ကျတော်တို့ဒီကနေ့ ကိုယ့်ဒေသထဲမှာ ကိုယ့်နယ်မြေကိုထိန်းချုပ်နိုင်ပြီးတော့ ကိုယ့်ရဲ့စီမံခန့်ခွဲမှုတွေကိုအတိအကျလုပ်နိုင်တဲ့ de facto legitimacy ရှိတဲ့ ဟာတွေလည်း legitimacy ပဲ။ အဲ့တော့ ဘယ်သူမှတော့ sovereignty legitimacy ကိုမပိုင်ကြဘူး။ အဲ့တော့

**ဒီနေ့တော်လှန်ရေးမှာ sovereignty legitimacy ရှိဖို့ဆိုရင် de facto နဲ့ de jure ကိုစည်းနှောင်အားကောင်းကောင်းနဲ့သွားဖို့လိုမယ်။ အဲ့တော့ ငါကတရားဝင်ရွေးကောက်ပွဲကနေလာတယ်၊ ငါကလည်းငါ့ကိုငါထိန်းထားနိုင်တယ်ဆိုတဲ့ concept နဲ့အားပြိုင်မှုတွေက ရှိနေမယ်ဆိုရင်တော့ ကျတော်တို့ကြားမှာ အခက်အခဲတော့ရှိနိုင်တယ်။ ဒီကနေ့ ကျတော်တို့သွားနေတဲ့နိုင်ငံရေးက အဲ့လိုအနေအထားမျိုးရောက်နေသလားဆိုတာ နည်းနည်းလေး concern ဖြစ်မိတယ်။**

အဲ့ဒါလေးကိုထည့်ဆွေးနွေးချင်တယ်။ ကျေးဇူးတင်ပါတယ်။

### လွေးပိုးငယ်

ဟုတ်ကဲ့ကျေးဇူးပါ။ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သတိမူရမယ့်ကိစ္စတွေကို ထည့်သွင်းပြောကြားသွားပေးတဲ့ ဆရာအောင်ဆန်းမြင့်ကိုလည်းကျေးဇူးတင်သလို တော်လှန်ရေး အင်အားစု တွေ ကြားထဲမှာလည်း အားပြိုင်မှုတွေမလုပ်ဘဲနဲ့ တကယ်ပဲတော်လှန်ရေးပန်းတိုင်ကို ရောက်ဖို့ အတွက် ဘုံရည်မှန်းချက်တူတဲ့ concept တွေကိုညှိနှိုင်းဖို့လိုတယ်၊ တစ်ဖက်တည်းကိုပဲဆွဲကိုင်လို့မရဘူး de facto, dejure အာဏာလို့ပြောတဲ့အခါမှာ ဘယ်လိုပေါင်းစပ်မှုမျိုးကိုလိုချင်သလဲဆိုတာကိုလည်း ထည့်သွင်းပြောကြား ပေးတဲ့ ဆရာအောင်ဆန်းမြင့်ကို ကျေးဇူးတင်ပါတယ်။ နောက်မေးခွန်းတစ်ခုကိုတော့ ဆရာဦးအောင်မိုးဇော်ကိုမေးချင်ပါတယ်ရှင့်။ အဓိကကတော့ ခုနက ဆရာဦးအောင်ဆန်းမြင့်လည်းပြောသွားတယ်။ အကြမ်းဖက်စစ်အုပ်စုက ပြုလုပ်မယ့်ရွေးကောက်ပွဲဆိုတာ ဘယ်လိုမှတရားဝင်မှုမရှိဘူးဆိုတာ ပြည်သူလူထုအားလုံးလည်းသိပြီးသားဖြစ်တယ်။ ဒါပေမယ့် ခေါင်းဆောင်လုပ်တဲ့သူတွေက ပြည်သူလူထုကမထောက်ခံဘူး၊ ပြည်သူလူထုက တော်လှန်ရေးမှာ လုံးဝတာဝန်ကျေပွန်စွာ ပါဝင်နေတဲ့အပေါ်မှာ အခုဆိုရင်စစ်ကောင်စီပြုလုပ်မယ့်ရွေးကောက်ပွဲမှာ ပါဝင်နိုင်ဖို့အတွက် နာမည်စာရင်း တွေ ပေးထားတဲ့ နိုင်ငံရေးပါတီတွေရှိတယ်ဆိုတာ ကျမတို့တွေသိရှိရပါတယ်။ အဲ့ဒါကြောင့်မို့ ဒီတစ်လျှောက်လုံးမှာ နိုင်ငံရေးပါတီတွေက အထူးသဖြင့်ဒီမိုကရေစီစနစ်ကိုလည်း လိုလားတယ်၊ တစ်ဖက်မှာ ဒီမိုကရေစီ ပြောရုံနဲ့မလုံလောက်ဘူး၊ ဖက်ဒရယ်စနစ်လို့ပြောမှ လုံလောက်တယ်ဆိုပြီးတော့ တောင်းဆိုနေတဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေလည်း အများကြီးရှိတယ်။ ***ဒီနိုင်ငံရေးပါတီတွေက ဒီအတုအယောင် ရွေးကောက်ပွဲထဲကိုပါဝင်လာမယ်ဆိုရင် ကျမတို့မျှော်မှန်းတဲ့ တော်လှန်ရေးပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ် ပြည်ထောင်စုအတွက် ဘယ်လောက်အထိထိခိုက်မှုရှိနိုင်မလဲဆိုတာကိုလည်းသုံးသပ်ပေးပါ။*** နောက်မေးခွန်း တစ်ခုထပ်မေးချင်တာကတော့ အခုဆိုရင်မြင်နေရတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေက စစ်အုပ်စုက ဖွဲ့စည်းပေးလိုက်တဲ့ UEC ရွေးကောက်ပွဲကော်မရှင်တွေကို ဖိတ်ကြားတာတွေ တွေ့ရတယ်။ စစ်ကောင်စီ ကိုယ်တိုင်ကလည်း ညစာကျွေးပြီးတော့မှ စည်းရုံးနေတဲ့ကိစ္စတွေကလည်း ကျမတို့အားလုံးအမြင်ပဲဖြစ်တယ်။ သူကတော့ပြတ်ပြတ်သားသားပြောပြီးသာပဲ။ ***လူဦးရေသောင်းဂဏန်းပဲရှိတယ်ဆိုရင်လည်း အဲ့ဒီသောင်း ဂဏန်းကို သူအုပ်ချုပ်နိုင်အောင်ကြိုးစားမယ်လို့ပြောတဲ့အခါမှာ UEC ကရော ဒီလိုမျိုး အတုအယောင် ရွေးကောက်ပွဲထဲမှာ ပါဝင်ခြင်းအားဖြင့် ပါဝင်ခွင့်ရှိသလား။ တရားဝင်မှုရှိသလားဆိုတာကို သုံးသပ်ပေးဖို့ အတွက် မေးခွန်းနံပါတ်(၂)မေးချင်ပါတယ်။***



# ဦးအောင်မိုးဇော်

ဥက္ကဋ္ဌ (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ)


အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

*နောက်မေးခွန်းနံပါတ် (၃) ကတော့ အခုလောလောဆယ်မှာဆိုရင် တိုင်းရင်းသားပါတီတွေပဲပြောပြော ၊ အခြားနိုင်ငံရေးပါတီတွေပဲပြောပြော PR စနစ်ကို လူတိုင်းလိုလို ပြောနေတဲ့ အပေါ်မှာ PR စနစ်က တိုင်းရင်းသားတွေ အထူးသဖြင့်လူနည်းစုတွေကို အာမခံချက်ပေးနိုင်ပါတယ် ဆိုပြီးတော့ မဲဆွယ်ပြီးတော့ တိုင်းရင်းသားပါတီတွေရော၊ အခြားနိုင်ငံရေးပါတီတွေ ကိုလည်းမဲဆွယ်စည်းရုံး နေတဲ့ဟာကို ကျမတို့တွေ့ရတယ်။ အဲ့ဒါကြောင့်မို့ဒီလိုမျိုးနိုင်ငံရေးပါတီတွေကလည်း တကယ်ပဲနိုင်ငံရေး ပြဿနာကို ဖြေရှင်းနိုင်မယ်လို့ ထင်လား။ စစ်ကောင်စီကျင်းပမယ့် ရွေးကောက်ပွဲထဲမှာ ပါဝင်လိုက်မယ်ဆိုရင် နိုင်ငံရေး ပြဿနာကို တကယ်ပဲဖြေရှင်းနိုင်မယ်လို့ ယုံကြည်မှုရှိသလားဆိုတာကို သုံးသပ်ပေးဖို့ဖိတ်ခေါ် ချင်ပါတယ်ရှင့်။*

**ဆရာဦးအောင်မိုးဇော်**

ဥက္ကဌ (လူ့အောင်သစ် ဒီမိုကရက်တစ်ပါတီ)

ရွေးကောက်ပွဲနဲ့ပက်သက်လို့ပြောဖို့ဆိုဖို့ အခုလိုဖိတ်ကြားတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်လို့ ပထမဦးဆုံးပြောချင်ပါတယ်။ ဒုတိယတစ်ချက်ကျတော်ပြောချင်တာက ပထမဦးဆုံးမေးသွားတဲ့ မေးခွန်းဖြစ် ပါတယ်။ အထူးသဖြင့်နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍပေ့ါနော်။ ကျတော်နားလည်တာကတော့ လတ်တလော ကျတော်တို့ နွေဦးတော်လှန်ရေးကို ဖြတ်သန်းခဲ့ကြတယ်။ ၂၀၂၁ ဖေဖော်ဝါရီလက နွေဦးတော်လှန်ရေး လှုပ်ရှားမှုစတင်ခဲ့တဲ့ ဒီကနေ့ ဗမာပြည်တော်လှန်ရေးလှုပ်ရှားမှုဟာ ဒီနေ့အချိန်ထိဆက်ဖြစ်နေဆဲပဲဖြစ်တယ်။ အရှိန်မကျသွားသေးဘူး။ ပြည်သူလူထုရဲ့ သံဓိဋ္ဌာန်ဟာလည်းပဲ ဒီနေ့အချိန်ထိ ခိုင်မာနေဆဲဖြစ်တယ်။ ကျတော်တော့အဲ့လိုယုံကြည်တယ်။ ပြည်သူလူထုရဲ့ သံဓိဋ္ဌာန်ကဘာလဲဆိုတော့ လမ်းပေါ်မှာ ပြည်သူတွေ၊ လူငယ်တွေသွေးတွေ၊ ချွေးတွေ၊ ထောင်တွေနဲ့ရင်းပြီးတော့ ကနေ့အထိတောင်းဆို နေတာကဘာလဲဆိုတော့ ဖက်ဆစ်စစ်တပ်ကိုအမြစ်ဖြတ်ဖို့ပဲဖြစ်တယ်။ ဒီကနေ့ ကျတော်တို့တိုင်းပြည်မှာ အာဏာကိုအတင်းအဓမ္မ ရယူထားတဲ့ စစ်အုပ်စုဟာ တကယ်တော့ဖက်ဆစ်တွေဖြစ်တယ်ဆိုတာ ကနေ့အထိ သက်သေပြနေတုန်းပဲ ဖြစ်တယ်။ မနေ့တစ်နေ့က ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ ဗုံးကြဲပြီးတော့ လူရာဂဏန်းလောက်ရှိမယ် သေကြေ ပျက်စီးခဲ့ရတယ်။ အဲ့ဒါမျိုးတွေကနေရာဒေသအနှံ့မှာ ဒီတပ်က ကျူးလွန်ခဲ့တာဖြစ်တယ်။ တစ်ချိန်တုန်းက တိုင်းပြည်အတွင်းပိုင်းမှာရှိနေကြတဲ့ ဗမာအမျိုးသားပြည်သူတွေက ဒီကိစ္စကို သိပ်မသိဘူး။ အခုတော့ သူတို့ ကိုယ်တိုင်မျက်ဝါးထင်ထင်မြင်နေရပြီဖြစ်တယ်။ မကွေးတိုင်းမှာပဲ ဖြစ်ဖြစ်၊ မန္တလေးတိုင်းမှာပဲဖြစ်ဖြစ်၊ ရန်ကုန် တိုင်းမှာပဲဖြစ်ဖြစ် ဗမာအများစုနေထိုင်တဲ့နေရာတွေမှာ သူတို့ကိုယ်တိုင်ကြုံနေရပြီဖြစ်တယ်။ သူတို့သားတွေ သမီးတွေ၊ ကျတော်တို့တူတွေ၊ တူမတွေ၊ ကျတော်တို့ သားတွေ၊ သမီးတွေကိုယ်တိုင် ဒီအခြေအနေကို ကြုံနေရပြီဖြစ်တယ်။ ဒီတပ်ကကျတော်တို့တိုင်းပြည်ကို နှစ်ပေါင်းများစွာ စီးပွားရေး အရပဲဖြစ်ဖြစ် ၊ နိုင်ငံရေး အရပဲဖြစ်ဖြစ်၊ လူမှုရေးအရပဲဖြစ်ဖြစ် နှစ် (၇၀) နီးပါးပေ့ါဗျာ လွတ်လပ်ရေးရပြီးကတည်းက ခြယ်လှယ်နေတဲ့ ဗမာစစ်တပ်က ဖက်ဆစ်တပ်ဆိုတာ ဗမာပြည်သူတွေ ကိုယ်တိုင် ထင်ထင်ရှားရှား သိပြီ ဖြစ်တယ်။ အဲ့တော့ ဒီဖက်ဆစ်တပ်ကို ဆက်ထားလို့မရတော့ဘူးဆိုတဲ့ သန္နိဋ္ဌာန်ဟာ ကျတော်တို့ဗမာပြည်သူ တွေရဲ့သန္နိဋ္ဌာန် ဖြစ်တယ် ၊ လူမျိုးစုံပြည်သူတွေရဲ့ သန္နိဋ္ဌာန်ဖြစ်တယ် ဆိုတာ ကျတော့်အနေနဲ့နားလည်တယ်။ အဲ့အတွက်ဖက်ဆစ်စစ်တပ်ဆိုကတည်းက ပြည်သူလူထုအကြားမှာ ဘယ်လိုနည်းနဲ့မှ တရားဝင်မှုမရှိဘူး။ အဲ့တော့ ဘယ်လိုနည်းနဲ့မှ တရားဝင်မှုမရှိတဲ့ ဖက်ဆစ်စစ်တပ်က လုပ်မယ်ဆိုတဲ့ ရွေးကောက်ပွဲကို ပြည်သူကို အလုပ်အကျွေးပြုပါမယ်ဆိုတဲ့ နိုင်ငံရေးပါတီတွေက သူ့ဘာသာသူ ပါးစပ်ကနေဘာတွေပဲ ကြွေးကြော် ကြွေးကြော် အဲ့ကြွေးကြော်နေတဲ့ နိုင်ငံရေးပါတီတွေက အဲ့ဒီဖက်ဆစ် စစ်တပ်နဲ့အတူတူ အလုပ်သွားလုပ်မယ် ဆိုရင် သူတို့လည်းဖက်ဆစ်ဂိုဏ်းဝင်သွားမှာပေ့ါ၊ ဟစ်တလာရဲ့ နာဇီပါတီလိုဖြစ်သွားမှာပေ့ါ။ ကျတော်တော့ အဲ့ဒီလိုပဲနားလည်တယ်။ တကယ်တော့

> **နိုင်ငံရေးပါတီတွေဆိုတာ ပြည်သူကိုအလုပ်အကျွေးပြုဖို့မွေးဖွား လာတာဖြစ်တယ်။ ပြည်သူ့ဆန္ဒကိုအလေးထားဖို့လိုတယ်။ ပြည်သူ့ဆန္ဒကိုမျက်ကွယ်ပြုပြီးတော့ ပြည်သူကို နှိပ်စက်၊ သတ်ဖြတ်၊ ညှင်းဆဲနေတဲ့ ဒီလိုဖက်ဆစ်တပ်မျိုးရဲ့ နိုင်ငံရေးအစီအစဉ်အောက်မှာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ အဲ့လိုအဖွဲ့အစည်းမျိုးတွေကလည်း ပြည်သူလူထုရဲ့တံထွေးခွက်ထဲမှာ မျောမှာပဲ ဖြစ်တယ်။ ပြည်သူလူထုရဲ့ဆန့်ကျင်ခြင်းကိုခံရမှာဖြစ်တယ်။**

ဒုတိယတစ်ချက်မေးတဲ့မေးခွန်းက ရွေးကောက်ပွဲကော်မရှင်နဲ့ပက်သက်လို့ ဒီဖက်ဆစ်စစ်တပ်က ဖွဲ့ပေးတဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဆိုကတည်းက ယုံကြည်စရာအကြောင်းမရှိတော့ဘူးလေ။ တကယ်တမ်း သူက ဖက်ဆစ်နောက်လိုက်ပဲ။ အဲ့လိုအဖွဲ့အစည်းမျိုးတွေနဲ့ နိုင်ငံရေးပါတီတွေက ပူးပေါင်း ဆောင်ရွက်စရာ အကြောင်း မရှိဘူး။ ပြည်သူတွေကလည်းပူးပေါင်းဆောင်ရွက်မှာမဟုတ်ဘူး။ အဲ့တော့ ဒီကိစ္စ ကိုကျတော် ပြောနေစရာတောင် မလိုတော့ဘူးလို့ထင်တယ်။ တကယ်တမ်းကျတော့ ကနေ့ရွေးကောက်ပွဲ ကော်မရှင် အဆင့်ဆင့်ဆိုတာက ဖက်ဆစ် စစ်တပ်ရဲ့လက်ပါးစေပဲ၊ သူ့အဖွဲ့အစည်းပဲ၊ ဒါကတစ်တန်းတည်း ဖြစ်နေပြီလို့ ကျတော့်အနေနဲ့တော့နားလည်တယ် ။ ဒါကဒုတိယတစ်ချက်ပေ့ါနော်။

တတိယတစ်ချက်ကျတော်တင်ပြချင်တာက ခုနပြောသွားတဲ့ PR စနစ်ပေ့ါ။ ကျတော်တို့ဖွဲ့စည်းပုံ မှာတော့ ရွေးကောက်ပွဲကို ဘယ်ပုံ၊ ဘယ်နည်းကျင်းပရမလဲ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့ အသေးစိတ်ကိစ္စတွေကို ဖော်ပြ ထားခြင်းမရှိဘူး။ ခုနကပဲ နော်မေဦးကဥပဒေနဲ့ပက်သက်ပြီးတော့ ပညာရှင်ဆိုတော့ သူ့ကိုကျတော် မေးကြည့်တော့ သူပြောတာက အခြေခံဥပဒေမှာသေချာမဖော်ပြထားဘူး ဆိုရင် ပြဋ္ဌာန်းချက်ကို ထုတ်ပြန် ပြီးတော့ သူတို့လုပ်လို့ ရတယ်တဲ့။ အခုလည်း ခရိုင်တွေဖွဲ့စည်းနေတယ်ဆိုတာ ကျတော်တို့ ကြားတယ်။ ဒါက PR အတွက်ဖြစ်နိုင်တယ်။ အဲ့လိုတစ်ပြိုင်နက်တည်းမှာပဲ အချို့ပြောနေတာက ဒီလိုခရိုင်တွေတိုးချဲ့တာက တပ်တွေကိုသေချာထိန်းချုပ် နိုင်အောင်ပေ့ါ။ တပ်တွေကို အုပ်ချုပ်ရေးနဲ့ ပက်သက်ပြီး သေချာ ထိန်းချုပ်နိုင်ဖို့ အတွက် ဆောင်ရွက်နေတယ်လို့ အချို့ကပြောနေကြတယ်။ သို့သော်လည်း ကျိန်းသေတာက သူတို့လုပ်မယ့် ကိစ္စက သူတို့မှာရည်ရွယ်ချက်အမျိုးမျိုး ရှိနိုင်ပါတယ်။ ကျတော်တို့မှန်းဆလို့ရတဲ့ ကျိန်းသေတာတစ်ခုက ကျတော့်နားလည်မှုအရ ရွေးကောက်ပွဲနဲ့ပတ်သက် လို့ PR စနစ်ကိုလုပ်မယ်ဆိုရင်လည်းလုပ်နိုင်တယ်။ PR စနစ်ကိုလုပ်မှလည်း နိုင်ငံရေးပါတီငယ်တွေကို သူတို့ စည်းရုံးလို့ရမယ်၊ သူတို့ကို ဆွဲဆောင်လို့ရမယ်၊ သူတို့ရွေးကောက်ပွဲမှာ ပါဝင်လာအောင်လုပ်လို့ရမယ်။ ဆိုတော့ PR စနစ်ကိုသူတို့လုပ်ဖို့လည်းကြိုးစားမှာ ဖြစ်ပါတယ်။ ဒါကတော့

> **ဘယ်လိုပဲ PR စနစ်ပဲလုပ်လုပ်၊ အများနဲ့ခံယူတဲ့စနစ်ကိုပဲလုပ်လုပ်၊ ဘယ်စနစ် ကိုပဲ လုပ်လုပ် ဖက်ဆစ်စစ်တပ်ကခန့်အပ်ထားတဲ့ ရွေးကောက်ပွဲကော်မရှင်က ကြီးကြပ် ပြီးလုပ်တဲ့ ရွေးကောက်ပွဲ ကတော့ လုံးဝတရားမျှတတဲ့ ရွေးကောက်ပွဲလည်းဖြစ်နိုင်မှာ မဟုတ်ဘူး၊ ပြည်သူလူထုက အသိအမှတ်ပြုတဲ့ ရွေးကောက်ပွဲလည်း ဖြစ်မှာမဟုတ်ဘူး။ သို့သော်လည်းပဲ ဒီကနေ့ဖက်ဆစ်တပ်မှာ သူတို့ရဲ့ ရည်မှန်းချက်က ပြည်သူလူထု ထောက်ခံတာ မထောက်ခံတာသူတို့သိပ်ဂရုစိုက်တာမဟုတ်ဘူး။**

ပြည်သူလူထုက ဘယ်လောက် ကန့်ကွက်ကန့်ကွက် အဲ့ကိစ္စကအရေးမကြီးဘူး။ အရေးကြီးနေတာက နိုင်ငံ တကာရဲ့အမြင်၊ အချို့နိုင်ငံက သူတို့ရွေးကောက်ပွဲလုပ်ရင်ထောက်ခံကောင်းထောက်ခံလာနိုင်တယ်။ ကျတော်တို့ ဒေသတွင်း နိုင်ငံတွေက မကျိန်းသေဘူး။ ကျတော်တို့ဒေသတွင်းနိုင်ငံတွေထဲမှာ ဒီမိုကရေစီနိုင်ငံ ဘယ်နှစ်နိုင်ငံရှိ လို့လဲ။ အဲ့လိုဒီမိုကရေစီ မဟုတ်တဲ့နိုင်ငံတွေက ဒီရွေးကောက်ပွဲရလဒ်ကိုထောက်ခံလာနိုင်တယ်။ အဲ့ဒီလိုပဲ ကနေ့အချိန်ထိ ကျတော်တို့ တိုင်းပြည်နဲ့ကပ်နေတဲ့ တရုတ်ကြီးကလည်း ထောက်ခံလာနိုင်တယ်။ ဒါကျတော့်နား လည်မှု။ ကျတော့်စိတ်ထဲမှာ ကျတော့်သံသယအရပြောရရင် မနေ့တနေ့က ဗမာပြည်ကနေတောင်အာဖရိကမှာ ရှိတဲ့ ရွေးကောက်ပွဲ ကော်မရှင်နဲ့ပက်သက်ပြီးတော့ အစည်းအဝေးသွားတက်တယ်။ တရုတ်နဲ့တောင်အာဖရိက ဆို တာ သိပ်ပြီးတော့ရင်းနှီးတယ်။ ဆိုတဲ့အခါကျတော့ တရုတ်ရဲ့အကြံပေးချက်ပါကိုပါနေနိုင်တယ်လို့ ယူဆရတယ်။ အဲ့ဒီလိုပဲ အိန္ဒိယကလည်း ကျတော်တို့တိုင်းပြည်ကမခွာသေးဘူး။ သူကလည်းတရုတ်ရန်ကို ကြောက်တယ်လို့ အကြောင်းပြပြီးတော့ ဗမာပြည်ကိုအခုချိန်အထိကပ်နေတုန်းပဲ။ အိန္ဒိယကလည်း ထောက်ခံကောင်းထောက်ခံ လာနိုင်တယ်။ အဲ့ဒီလိုပဲ ကျတော်တို့အာဆီယံနိုင်ငံတွေ၊ အချို့အနောက်နိုင်ငံတွေ လည်းပဲ ကျတော်တို့တိုင်းပြည်ရဲ့ အခြေအနေကို သေချာမသိသေးတဲ့ တောင်အာဖရိကလိုနိုင်ငံမျိုးတွေကရောပေ့ါ။

ဆိုတဲ့အခါကျတော့ သူတို့အဓိကလိုချင်နေတာကတော့ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုဖြစ်တယ်။ ဒါကြောင့် ဒီရွေးကောက်ပွဲကိုတော့ မဖြစ်ဖြစ်အောင်လုပ်လိမ့်မယ်လို့ ကျတော့်အနေနဲ့တော့ နားလည်ပါတယ်။ အချို့ကလည်း ပြောနေတာက အမျိုးသားညီလာခံလိုကိစ္စမျိုးကို လုပ်နိုင်တယ်လို့ပြောနေကြတယ်။ ကျတော်အဓိက ပြောချင်တာက စစ်အုပ်စုက တရားမဝင်ဘဲနဲ့ခွေးတိုးပေါက်ကနေတိုးပြီးတော့ သူ့တရားဝင်မှု ပြန်ရအောင် ပြန်ကြိုးစားတဲ့ ဘယ်ကိစ္စကိုမဆိုဆန့်ကျင်ရမှာပဲ။ ဒီနေ့စကားဝိုင်းကိုပေးထားတဲ့နာမည်လိုပဲ ဒီစစ်အုပ်စုက ကြိုးစားတဲ့ နိုင်ငံရေးလှုပ်ရှားမှုမှန်သမျှ၊ သူတို့ကိုအသိအမှတ်ပြုအောင်ကြိုးစားတဲ့ နိုင်ငံရေးလှုပ်ရှားမှုမှန်သမျှ၊ ရွေးကောက်ပွဲပဲလုပ်လုပ် ၊ အမျိုးသားညီလာခံပဲလုပ်လုပ်၊ ခုနကကိုအောင်ဆန်းမြင့် ပြောသွားတယ်လေ ကျတော်တို့တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ မိတ်ဆွေအဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ချင်းခေါ်တွေ့တာ၊ နှစ်ဖွဲ့ခေါ်တွေ့တာ အဲဒါတွေလုပ်နေတယ်၊ လက်ဆောင်ဘဏ္ဍာတွေပေးမယ်၊ အခြားမက်လုံးတွေပေးမယ် အဲ့ဒါကိုလည်းကျတော်တို့ဆန့်ကျင်ရမယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီကနေ့လူသတ် ကောင်တွေ၊ ကလေး ပါမကျန်သတ်နေတဲ့ ဖက်ဆစ်စစ်တပ်၊ အဲ့တပ်ကိုအသိအမှတ်ပြုဖို့ နိုင်ငံရေးအရ အသိအမှတ်ပြုဖို့အတွက် ကြိုးစားတဲ့၊ ကြိုးစားမှုမှန်သမျှကို ကျတော်တို့က ဆန့်ကျင်ရမှာပဲ။ ဒီရွေးကောက်ပွဲ တစ်ခုတည်း မဟုတ်ဘူး၊ ဒီရွေးကောက်ပွဲဆိုတာက ပထမဆုံးဥပမာတစ်ခု၊ သူတို့ချထားတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တစ်ခု၊ ဒီရွေးကောက်ပွဲတင်မကဘူး အခြားဟာကိုလည်း ကျွန်တော်တို့ဆန့်ကျင်ရမယ်။ အရင်ဆုံး အာဆီယံ မူ(၅) ချက်ဆိုပြီး အာဆီယံကနေ သူတို့စပြီးကြိုးစားတယ်လေ။ လက်တွေ့ကျတော့ သူတို့ကိုအသိအမှတ်ပြုဖို့ ၂၀၀၈ ဂွင်ထဲကိုပြန်တွန်းပို့တာဖြစ်တယ်။ အဲ့ဒါမျိုးကိုလည်း ကျတော်တို့ဆန့်ကျင်ရမှာပဲ။

**ကျွန်တော် ပြောချင်တာက ကနေ့စစ်အုပ်စုအနေနဲ့ သူတို့တရားဝင်မှုရအောင်ပြန်ကြိုးစားတဲ့ ကြိုစားမှုမှန်သမျှကို ဖြတ်ချဖို့ လိုတယ်၊ ဆန့်ကျင်ဖို့လိုတယ်လို့ ကျတော့်အနေနဲ့ယူဆပါတယ်။ ဒီလောက်ပါပဲဗျ၊ ကျေးဇူးပါပဲ။**

ဦးဆောင်ပံ့ပိုးသူ

**လွေးပိုးငယ်**

ဟုတ်ကဲ့ကျေးဇူးပါ။ ကျမတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့လည်း ဒီစစ်ကောင်စီပြုလုပ်မယ့် ရွေးကောက်ပွဲသည် တရားဝင်မှုမရှိကြောင်းကို ပြတ်ပြတ်သားသားဆန့်ကျင်ရမှာဖြစ်သလို နိုင်ငံတကာကနေ အကြမ်းဖက်စစ်အုပ်စုကိုထောက်ခံလိုတဲ့ နိုင်ငံတွေကိုလည်း ဆန့်ကျင်ကန့်ကွက်ပြီးတော့မှ ပြည်သူလူထုအသံနားထောင်ဖို့လိုတယ်ဆိုတာကို ထောက်ပြသွားပေးတဲ့ ဦးအောင်မိုးဇော်ကို အထူးပဲကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ကျမတို့ရဲ့နိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အဟန့်အတားဖြစ်စေမယ့် စစ်ကောင်စီရဲ့လုပ်ရပ်မှန်သမျှကို ကျမတို့ဝိုင်းဝန်းတိုက်ဖျက်ဆန့်ကျင်ရမယ်ဆိုတာကို ပြတ်ပြတ်သားသား ပြောသွားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျမတို့ရဲ့ဆွေးနွေးပွဲကတော့ မေးခွန်းမေးမယ့်အချိန်ရောက်ပါပြီ။ ဆိုတော့ ကြည့်ရှုနေတဲ့ ပြည်သူလူထုတွေထဲကပဲဖြစ်ဖြစ်၊ Zoom ထဲမှာရှိနေတဲ့ တက်ရောက်ပေးတဲ့ သူတွေကပဲဖြစ်ဖြစ် မေးခွန်းရှိတယ် ဆိုရင် မေးမြန်းဖို့အတွက် အချိန်ပေးပါ့မယ်။ မေးခွန်းမေးမြန်းမယ်ဆိုရင် လက်ထောင်ပြီးတော့မှ မေးမြန်းလို့ ရပါတယ်။ ဒါမှမဟုတ်ရင် live မှာကြည့်ရှုနေတဲ့ ပြည်သူလူထုတွေဆီကနေ မေးခွန်းရှိတယ်ဆိုရင် ကျမတို့ လက်ခံပေးပါ့မယ်။ မေးခွန်းမေးတဲ့အခါမှာ မေးချင်တဲ့ခေါင်းဆောင်ကိုတစ်ခါတည်းဦးတည်ပြီးတော့ မေးလို့ရပါတယ်ရှင့်။

မေးခွန်းမရှိတော့ဘူးဆိုရင် ကျမတို့ရဲ့ဆွေးနွေးပွဲကို မေးခွန်းတစ်ခုနဲ့အဆုံးသတ်ချင်ပါတယ်။ ဒီမှာရှိနေတဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျမတို့အခုဆွေးနွေးသွားတဲ့ခေါင်းစဉ်လိုပေ့ါနော်။ ဆရာဦးအောင်မိုးဇော် ပြောသလို ပေ့ါနော် ရွေးကောက်ပွဲဆိုတာသူတို့ရဲ့ နိုင်ငံရေးထွက်ပေါက်တစ်ခုအဖြစ် စဉ်းစားထားတာဖြစ်တဲ့ အတွက်ကြောင့် အခုလောလောဆယ်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေကမ်းလှမ်းပြီးတော့ အတုအယောင်တွေ လုပ်နေတဲ့ကိစ္စဖြစ်တယ်။

ရွေးကောက်ပွဲကတော့ ထင်ထင်ရှားရှားသူတို့ရဲ့နိုင်ငံရေးထွက်ပေါက်တစ်ခုအဖြစ် လုပ်ဆောင်ဖို့အတွက် ဆိုင်းပြင်းနေတဲ့အနေအထားမှာတွေ့ရတယ်။ ပြည်သူလူထုတွေကို စည်းရုံးနေတဲ့ အနေအထားမှာလည်းရှိသလို UEC လို့ခေါ်တဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွေကိုလည်း စည်းရုံးနေတဲ့ အနေအထားမှာရှိတယ်။ တစ်ဖက်မှာကျတော့လည်း တိုင်းရင်းသားလက်နက်ကိုင်တွေကို ငြိမ်းချမ်းရေး အတုအယောင်ဆိုပြီးတော့မှ မက်လုံးတွေပေးပြီး စွမ်းဆောင်နေတဲ့အနေအထားမှာရှိတယ်ပေ့ါလေ။ ကျမတို့ ပြည်သူလူထုတွေကတော့ အကြမ်းဖက်စစ်ကောင်စီကိုယနေ့အထိတော်လှန်တိုက်ခိုက်နေတဲ့ ပြည်သူလူထု တွေချည်းပဲဖြစ်ပါတယ်။ ကျမတို့ပြည်သူလူထုက ဒီနွေဦးတော်လှန်ရေးမှာကြည့်ရင်လည်း လူထုအလွှာအသီးသီးက တာဝန်ကျေခဲ့ကြတဲ့ ပြည်သူလူထုတွေပဲဖြစ်ပါတယ်။ ဆိုတော့ ဒီအကြမ်းဖက်စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်မှန်သမျှကို ပိတ်ပင်ဖို့လိုသလို၊ ဟန့်တားဖို့လဲလိုတယ်၊ ဆန့်ကျင်တိုက်ဖျက်ဖို့လည်း လိုတာကို ကျမတို့ခုနကလည်းဆွေးနွေးခဲ့ကြပြီးဖြစ်တယ်။

နောက်ဆုံးတစ်ယောက်ဖြစ်တဲ့ ဆရာဦးအောင်မိုးဇော်ကနေဖြေပေးဖို့အတွက် မေးခွန်းတွေတက်လာတာ ရှိပါတယ်။မေးခွန်းတွေကချက်ချင်းမရောက်လာတဲ့အတွက် ကျမတို့လည်းအခုမှမေးခွန်းတွေပြန်လည်ကောက်ယူထားတာဖြစ်ပါတယ်။ ပထမတစ်ချက် ပြည်သူလူထုဆီကမေးတဲ့မေးခွန်းကတော့ ရွေးကောက်ပွဲလုပ်နိုင်ခြေဘယ်လောက်ရှိပါသလဲ၊ ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာကို သုံးသပ်ပေးပါ။ နောက်တစ်ခု က ရွေးကောက်ပွဲကိုအကြမ်းဖက်စစ်ကောင်စီကအတင်းအကြပ်လုပ်လာမယ်ဆိုရင် ဘာတွေ ဖြစ်လာနိုင်မလဲ။ စစ်ကောင်စီလုပ်တဲ့ရွေးကောက်ပွဲဟာ ဒီမိုကရေစီစနစ်နဲ့ဆန့်ကျင်သလို၊ ပြည်သူ့ဆန္ဒနဲ့လည်း ဆန့်ကျင်တယ် ဆိုတာကို နိုင်ငံတကာကိုဘယ်လိုပြောပြလို့ရနိုင်မလဲဆိုတာကို မေးထားတာဖြစ်ပါတယ်။ မေးခွန်းကတော့ များပါတယ် ဒါပေမယ့်အနှစ်ချုပ်ဖြေပေးဖို့အတွက် ဆရာဦးအောင်မိုးဇော်ကိုမေတ္တာရပ်ခံပါတယ်။

## ဆရာဦးအောင်မိုးဇော်

ကျတော့်အနေနဲ့ကတော့ ရွေးကောက်ပွဲကိုအတင်းအကြပ်လုပ်လာရင် ဘာဖြစ်လာနိုင်မလဲဆိုတာနဲ့ပက်သက်ပြီး အရင်ဖြေပ့ါမယ်။ ရွေးကောက်ပွဲကတော့ အခုလုပ်နေတယ်။ အတင်းအကြပ်လုပ်လာရင် မဟုတ်ဘူး၊ အဲ့ process ကအခုစနေပြီ။ သူတို့ခန့်ထားတဲ့ ရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ တင်ဒါတွေခေါ်နေပြီ။ နောက်တစ်ခုက မဲစာရင်းတွေလည်းပဲ မြို့နယ် (၂၀၀) လောက်ကိုကောက်ပြီးနေပြီ။ ခရိုင်တွေလည်းပဲ ပြင်ဆင်ဖွဲ့စည်းတာတွေ သူတို့လုပ်ပြီးနေပြီ။ အဲ့ဒါကတော့ PR အတွက်ဖြစ်နိုင်ချေရှိတယ်။ ဆိုတဲ့အခါကျတော့ ရွေးကောက်ပွဲဝင်မယ်ဆိုပြီးတော့ အတိအလင်းပြောတဲ့ ပါတီတွေလည်းရှိနေပြီ။ ဆိုတဲ့အခါကျတော့ ဒီအတုအယောက်ရွေးကောက်ပွဲနဲ့ပက်သက်ပြီးဖြစ်စဉ်က စလုပ်နေပြီဆိုတာ ကျတော့်အနေနဲ့ ပြောချင်ပါတယ်။ ဒုတိယတစ်ခုကဘာလဲဆိုတော့ မလုပ်လို့လည်းမရဘူး။ သူတို့ကိုယ်တိုင် ချိုးဖောက်ပြီး အာဏာသိမ်းထားတဲ့ဥပဒေအရ၊ ၂၀၀၈ အရပင်လျှင် အခုလက်ရှိစကစရဲ့သက်တမ်းက ကုန်တော့မယ်။ ဆိုတော့ စကစကသက်တမ်းမကုန်ခင်မှာ ဒီရွေးကောက်ပွဲကိုလုပ်ရမှာဖြစ်တယ်။ ဒါမှလည်း အပြင်ကို claim လုပ်တဲ့အခါကျတော့၊ သူတို့ရဲ့တရားဝင်မှုကို အပြင်ကရအောင်ကြိုးစားတဲ့အခါကျတော့ ဒီရှိပြီးသား အခြေခံ ဥပဒေနဲ့အညီလုပ်တယ်ပေ့ါဗျာ။ အဲလိုဖြစ်အောင်သူတို့ကြိုးစားမှာဖြစ်တယ်။ ဆိုတဲ့အခါကျတော့ ရွေးကောက်ပွဲ နဲ့ပက်သက်တဲ့ process ကစနေပြီလို့ ကျတော့်အနေနဲ့ပြောချင်ပါတယ်။ နောက်တစ်ခုက ရွေးကောက်ပွဲကို ဘယ်နည်းလုပ်မယ်ဆိုတဲ့ကိစ္စကျတော့ ခုနကျတော်တို့ပြောခဲ့သလိုပဲ ဥပဒေတွေပြဋ္ဌာန်းပြီးတော့သူတို့ လုပ်ပါလိမ့်မယ်။ အခြေခံဥပဒေမှာ တိတိကျကျဖော်ပြမထားတဲ့အခါကျတော့ သူတို့ရွေးကောက်ပွဲနဲ့ ပတ်သက် တဲ့ ဥပဒေတွေ၊ ဘယ်လိုဘယ်ပုံလုပ်မလဲဆိုတဲ့ဥပဒေတွေပြဋ္ဌာန်းပြီးတော့ လုပ်နိုင်တဲ့အခြေအနေတွေရှိပါတယ်။ ဒါကဒုတိယတစ်ခုပါ။ အတင်းအကြပ်လုပ်မယ်ဆိုရင် ဖြစ်လာနိုင်တာက ဒါကိုလက်မခံနိုင်တဲ့ ပြည်သူတွေက နည်းလမ်းပေါင်းစုံနဲ့ဆန့်ကျင်တဲ့ကိစ္စတွေ လုပ်လာနိုင်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ တိုင်းပြည်မှာ ဖြစ်နေတဲ့အနေအထားတွေအရ ရန်ကုန်မှာပင်လျှင်ရွေးကောက်ပွဲကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ဖို့ခက်လိမ့်မယ်။ စစ်ကိုင်းတို့ပဲဖြစ်ဖြစ်၊ ကရင်နီတို့ပဲဖြစ်ဖြစ်၊ မကွေးတိုင်းတို့ မန္တလေးမှာတို့ပဲဖြစ်ဖြစ် ရွေးကောက်ပွဲ ကိုနယ်အနှံ့သူတို့လုပ်နိုင်မှာမဟုတ်ဘူး။ အဲ့ဒီအခြေအနေကတော့ ကျိန်းသေတယ်။ သို့သော်လည်းပဲ ကျတော်တို့သမိုင်းမှာရှိခဲ့ဖူးတယ်။

၁၉၅၀ ကျော် ပထမဦးဆုံးလုပ်တဲ့ ရွေးကောက်ပွဲမှာ တစ်နှစ်လောက်အချိန်ယူပြီးလုပ်သွားတာရှိတယ်။ ဒါဥပမာ တစ်ခုကို ကျတော်ပြောတာဖြစ်တယ်။ အဲ့အချိန်က တကယ်မဲပေးခွင့်ရှိတဲ့သူ ၈ သန်းကျော် ၉ သန်းလောက်ရှိ တယ်။ ဒါပေမယ့် တကယ်မဲပေးတာက ၁.၉ သန်းလား၊ ၁.၅ သန်းလားပဲပေးတယ်။ ကျတော်သေချာမမှတ်မိ တော့ဘူး။ ဆိုတော့ဥပဒေအရလည်း လူဘယ်နှစ်ယောက်မဲမေးမှ ရွေးကောက်ပွဲအထမြောက်တယ်ဆိုတာမရှိဘူး။ ပေးချင်သလောက်လာပေး၊ ပေးတဲ့ အထဲကမှ အများဆုံးကနိုင်မှာပဲ။ ရွေးကောက်ခံတဲ့သူသုံးယောက်ရှိတယ် ဆိုကြ ပါစို့။ ဘယ်သူမှ ဝင်ရွေးမခံဘူး တစ်ယောက်ပဲဝင်အရွေးခံမယ်ဆိုရင် အဲ့ဒီလူကအော်တိုဖြစ်သွားမှာပဲ။ ဆိုတော့အဲ့ဒီ အခြေအနေရှိတယ်။ ရွေးကောက်ပွဲရလဒ်တွေနဲ့ပက်သက်ပြီးတော့လည်း နိုင်ငံတကာကနေပြီးမှာဘယ်လို အခြေအနေရှိမှ အသိအမှတ်ပြုပါတယ်၊ အသိအမှတ်မပြုပါဘူးဆိုတဲ့ ကိစ္စကလည်းမရှိဘူး။ အဲ့ဒါမျိုးကလည်း ကျတော်အခု အချိန်အထိရှာလို့မတွေ့သေးဘူး။ မရှိတဲ့အခါကျတော့ သူတို့ရွေးကောက်ပွဲ လုပ်တယ်၊ ရလဒ်ထွက် တယ် ဆိုရင်လည်း အသိအမှတ်ပြုချင်တဲ့နိုင်ငံတွေကလည်း စောင့်နေတာဖြစ်တယ်။ နောက်တစ်ခုက ကျတော်တို့ ဒေသတွင်းမှာလည်းပဲ ဒီမိုကရေစီနဲ့ပက်သက်ရင် သူလိုကိုယ်လိုနိုင်ငံတွေချည်းပဲဗျ။ ကျတော်တို့နိုင်ငံကသာ ပိုရုပ်ဆိုးနေတယ်၊ ပိုအကျည်းတန်နေလို့။ ဘာလို့လဲဆိုတော့ ကလေးပါမကျန်သတ်တာပဲ၊ ရှိသမျှလူမုဒိမ်းကျင့် တာပဲ၊ ရွာတွေကိုမီးရှို့တာပဲ။ သူ့ဖိနှိပ်မှုကကမ်းကုန်နေလို့၊ တစ်ကမ္ဘာလုံးက ဘယ်လိုမှကြည့်ရှုပြီး လက်ခံလို့မရတဲ့ အနေအထားမို့လို့။ ရွေးကောက်ပွဲနဲ့ပက်သက်ပြီးခုနလို ကမောက်ကမဖြစ်စဉ်တွေကတော့ နိုင်ငံအနှံ့မှာရှိနေ ကြတယ်။ ကျတော်တို့လိုဒေသတွင်းနိုင်ငံတွေမှာ ပိုဆိုးတယ်။ ဆိုတဲ့အခါကျတော့ သူတို့ ရွေးကောက်ပွဲလုပ်လာမယ် ဆိုရင် အသိအမှတ်ပြုတဲ့သူတွေပေါ်လာမှာပဲ။ အခုတောင်မှလေ့လာစောင့်ကြည့် မယ့်သူတွေပေါ်သလိုလို ဘာလိုလို သတင်းတွေကြားနေရတယ်။ အဲ့လိုအနေအထားတော့ အမှန်တကယ်ဖြစ်တယ်။ ဒါကြောင့် ဒီကောင်တွေ တောင်အာဖရိကသွားလို့ရတာပေ့ါ။ ရွေးကောက်ပွဲကော်မရှင်ကသွားပြီးတော့ ရွေးကောက်ပွဲနဲ့ပက်သက်ပြီး ဆွေးနွေးလို့ရတာပေ့ါ။ ဆိုတော့ အဲ့လိုနိုင်ငံမျိုးတွေကအများအပြားရှိနေတယ်။ နောက်တစ်ခုက သူတို့လိုချင်တာက ကျတော်တို့ပြည်သူတွေက အသိအမှတ်ပြုတာ၊ မပြုတာ သူတို့ဂရုကိုမစိုက်ဘူး။ သူတို့က သူတို့အသက်ရှင် ရပ်တည်ရေးအတွက်၊ စီးပွားရေးကောင်းကောင်း လုပ်နိုင်ဖို့ အတွက် နိုင်ငံတကာ အသိအမှတ်ပြုမှု အချို့ကိုလိုချင် တယ်။ အဲ့ဟာအတွက်လုပ်တာပဲဖြစ်တယ်။ ဆိုတဲ့အခါ ကျတော့သူတို့လုပ်စရာရှိတာဆက်လုပ်သွားမှာပဲဖြစ်တယ်။ ကျတော်တို့က အဲ့ဒါကိုရအောင်ဖျက်နိုင်ဖို့လိုတယ်။ တစ်ပြိုင်နက်တည်းမှာပဲ သူ့ကိုထောက်ခံတဲ့သူတွေကို ထောက် ခံမလာအောင်ကျတော်တို့ တားနိုင်ဆီးနိုင်ဖို့လိုတယ်။ ကျတော်တို့ကျယ်ကျယ်ပြန့်ပြန့်အဲ့ဒါကိုတော့ လုပ်ရမယ်။ ကျတော်ကတော့ အဲ့လိုနားလည်ပါတယ်။ ကျတော့်အဖြေတွေလုံလောက်လားတော့မသိဘူး။ ခုနကမေးတဲ့မေးခွန်း တွေနဲ့ ပတ်သက်လို့ ဖြေတာဖြစ်ပါတယ်။ ဖြည့်ပြီးနည်းနည်းပြောချင်တာလေးရှိပါတယ်ဗျ။ ကျတော်တို့ပြည်သူတွေ က ခုနက မမေဦးပြောသွားသလိုပဲ တကယ်တမ်းကျ သူတို့ဆန္ဒတွေကို ထုတ်ဖော်ပြီးသားဖြစ်နေပြီ။ ဒီရွေးကောက် ပွဲလုပ်မှ ဒီရွေးကောက်ပွဲကိုဆန့်ကျင်ပါတယ်လို့ ထပ်ပြီးထုတ်ဖော်ရင်လည်း ပစ်အုံး၊ ခတ်အုံး၊ သတ်အုံးမှာပဲ။ အဲ့လို ဆိုတော့ နည်းနည်းတော့ခက်တယ်။ ကျတော်တို့ပြည်သူတွေဘာလိုချင်တာလဲ။

> ကျတော်တို့ပြည်သူတွေ လိုချင်တာက ရွေးကောက်ပွဲရလဒ် မဟုတ်ဘူး။ ပြည်သူတွေလိုချင် တာက ၂၀၀၈ ကိုဖျက်ပစ်လို့ပြောတာ။ ကျတော်နွေဦးတော်လှန်ရေးမှာပါခဲ့တဲ့ တစ်လျောက်မှာ တော့ ကျတော်ကြားခဲ့တာက ဒီ၂၀၀၈ ကိုမလိုချင် တော့ဘူး။ စစ်မှန်တဲ့ဖက်ဒရယ်ဒီမိုကရေစီ စနစ် ကိုတည်ဆောက်ကြမယ်။ စစ်အာဏာရှင်စနစ်ကိုမလိုချင်တော့ဘူး၊ အပြီးတိုင်ဖျက်သိမ်းပစ်မယ်။ ဒါကျတော်နွေဦးတော်လှန်ရေးမှာပါခဲ့တဲ့ တစ်လျောက်လမ်းမပေါ်မှာ ပြည်သူတွေပြောတာ၊ ဆိုတာ ကျတော်ကြားခဲ့ရတာဖြစ်ပါတယ်။ ဒီကနေ့နွေဦးတော်လှန်ရေးရဲ့ တောင်းဆိုချက်၊ ကျတော်တို့လှုပ်ရှားမှုရဲ့ တောင်းဆိုချက်က စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး ဖြစ်တယ်။ ၂၀၀၈ ဖျက်သိမ်းရေးဖြစ်တယ်။ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးဖြစ် တယ်။ ကျတော် တော့အဲ့လိုယူဆပါတယ်ဗျ။

ဦးဆောင်ပံ့ပိုးသူ

**လွေးပိုးငယ်**

တွဲဖက်အတွင်းရေးမှူး (၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ကျေးဇူးတင်ပါတယ်ရှင့်။ ကျမတို့ဆွေးနွေးပွဲကတော့ သတ်မှတ်ထားတဲ့အချိန်လည်းပြည့်သွားတာ ဖြစ်တဲ့ အတွက်ကြောင့်မို့ ဆွေးနွေးပွဲကိုဒီမှာပဲရပ်နားမှာဖြစ်ပါတယ်။ ဒီနေ့ရွေးကောက်ပွဲမှာ အထူးသဖြင့် ကျမတို့တွေက ဒီတော်လှန်ရေးခေါင်းဆောင်အသီးသီးကလည်း သတိမူရမှာတွေရှိသလို၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကလည်း သတိမူရမယ့်ကိစ္စတွေရှိတယ်။ အထူးသဖြင့်ရွေးကောက်ပွဲလေးတစ်ခုနဲ့ ဒီမိုကရေစီ ရဲ့တန်ဖိုးကိုမဖျက်ဖို့လိုတယ်။ နောက်တစ်ခုကကျတော့ ၂၀၀၈ ရဲ့အရိပ်ကိုလုံးဝပြန်သယ်လာလို့မရဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှမ်းမိုးနိုင်တဲ့ နိုင်ငံရေးထွက်ပေါက်မှန်သမျှကို ပိတ်ပင် တားဆီးဖို့လိုသလို၊ ဆန့်ကျင်တိုက်ဖျက်ဖို့လိုတယ်ဆိုတာ ကိုလည်း ဒီနေ့မှာခေါင်းဆောင်သုံးဦးက ဆွေးနွေး သွားတာကို တွေ့ရှိရ ပါတယ်။ နောက်တစ်ခုက အကြမ်းဖက်စစ် အုပ်စုက သူကိုယ်တိုင်ပြုခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို သူကိုယ်တိုင်လည်းချိုးဖောက်ဖျက်ဆီးခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် ယခုပြန်လုပ် မယ်ဆိုတဲ့ အတုအယောင် ရွေးကောက်ပွဲလည်း လုံးဝတရားဝင်မှုမရှိဘူးဆိုတာ ကျမတို့တွေ အတူတကွ ဆန့်ကျင်တိုက်ဖျက်ပြီးတော့မှ ကျမတို့လိုလားတဲ့ပြည်ထောင်စုကိုတည်ဆောက်နိုင်ဖို့ အတွက် အားလုံးအတူတကွလုပ်ဆောင်မှသာလျှင် ရရှိနိုင်မှာဖြစ်တယ်ဆိုတာ ဒီနေ့စကားဝိုင်းမှာဆန္ဒပြုရင်းနဲ့ ကျမတို့ စကားဝိုင်းကိုပိတ်သိမ်းလိုက်ပါမယ်ရှင့်။ အခုလိုအမျိုးသမီးများအဖွဲ့အချုပ် (မြန်မာနိုင်ငံ) ရဲ့ ဖိတ်ကြားမှုကို လက်ခံပြီးတော့ ပါဝင်ပေးတဲ့ ခေါင်းဆောင်အသီးသီးကိုကျေးဇူးတင်ပါတယ်။ နောက်နောင် ကျမတို့ဒီလိုပဲ ပြည်သူ လူထုတွေနဲ့ အတူထိတွေ့ နိုင်အောင်၊ ပြည်သူလူထုတွေရဲ့အသံကိုလည်းကြားနိုင်အောင် ဒီလိုစကားဝိုင်း တွေကို လည်း မကြာခဏ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက်ကြောင့် ခေါင်းဆောင်တွေ အနေနဲ့လည်း ပါဝင်ပေး ဖို့အတွက် ထပ်မံပြီးတော့ မေတ္တာရပ်ခံလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# MEMBERS OF WLB:

မြန်မာ့အမျိုးသမီးသမဂ္ဂ
Burmese Women's Union (BWU)

ကရင်နီအမျိုးသမီး အစည်းအရုံး
Karenni Women's Organization (KNWO)

ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံ
Kachin Women's Association Thailand (KWAT)

ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး
Kuki Women's Human Rights Organization

ကရင်အမျိုးသမီး အစည်းအရုံး
Karen Women's Organization (KWO)

ကယန်းအမျိုးသမီးအစည်းအရုံး
Kayan Women's Organization (KyWo)

လားဟူအမျိုးသမီး အဖွဲ့အစည်း
Lahu Women's Organization (LWO)

ပအိုဝ်းအမျိုးသမီးသမဂ္ဂ
Pa-O Women's Union (PWU)

ရခိုင်အမျိုးသမီးအစည်းအရုံး
Rakhaing Women's Union (RWU)

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း
Shan Women's Action Network (SWAN)

တအာင်းအမျိုးသမီး အဖွဲ့အစည်း
Ta'ang Women's Organization (TWO)

ထားဝယ်အမျိုးသမီးသမဂ္ဂ
Tavoyan Women's Union (TWU)

တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့
Women's for Justice (WJ)